# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၆ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၆)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အင်္ဂပူမြို့ရှိ အော်တိုအိတ်ချိန်းရုံးကလည်း ဖွံ့ဖြိုးမှု၏ သရုပ်သကန်ကို ဤသို့ဖော်ပြနေသည်။

# နေပြည်တော်-မန္တလေးရထားလမ်းပိုင်း ကြံ့ခိုင်မှု

## ဝန်ကြီးဦးအောင်မင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်းသည် နေပြည်တော်-မန္တလေးရထားလမ်းပိုင်း၌ ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် ရထားလမ်းအချို့ပျက်စီးမှုနှင့် ရထားလမ်းကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးရန် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ စက်တင်ဘာ ၅ ရက်တွင် နေပြည်တော်ဘူတာမှ RBE အထူးရထားဖြင့်ထွက်ခွာလာပြီး သဲတောဘူတာနှင့် ဟံဇားဘူတာအကြား မိုင်တိုင်အမှတ်(၃၁၉/၁၉)နှင့်(၃၂၀/၂)အကြား၌ ရထားလမ်းပေါ်သို့ ရေကျော်ရေတိုက်စားကာ ပျက်စီးနေသဖြင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# အင်္ဂပူမြို့က ပြန်ခဲ့တယ်

➤ သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)

**အင်္ဂပူ စက်တင်ဘာ ၅**

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်သို့ လေးရက်ခရီး သုံးညအိပ် ရောက်ခဲ့ပါတယ်။ အင်္ဂပူမြို့ကပြန်ခဲ့ပေမယ့် အဲဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်တွေကတော့ အလွယ်တကူ မေ့ပျောက်ဖို့ မဖြစ်နိုင်ခဲ့ပါဘူး။

**ကွဲပြားခြားနား**

အင်္ဂပူမြို့နယ်ဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း အခြားဒေသများနဲ့မတူ ကွဲပြားခြားနားပါတယ်။ မြို့အနောက်ဘက်မှာ အနောက်ရိုးမတောင်တန်းတည်ရှိပြီး ရခိုင်ရိုးမနဲ့ဆက်စပ်နေပါတယ်။

**ဖွဲ့စည်းထား**

မြေမျက်နှာသွင်ပြင်က အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းလာပြီး အရှေ့ဘက်ရှိ ဧရာဝတီမြစ်အထိဖြစ်ပါတယ်။ မြို့ရဲ့ဧရိယာ လေးပုံသုံးပုံဟာ မြေပြန့်လွင်ပြင်များဖြစ်ပြီး ဧရာဝတီနဲ့ ငဝန်မြစ်ဝှမ်းတို့ ပါဝင်ပါတယ်။ ဧရိယာစတုရန်းမိုင် ၆၂၈ဒသမ ၂၀ ကျယ်ဝန်းပြီး အင်္ဂပူ၊ မဲဇလီကုန်း၊ ထူးကြီး၊ ကွင်းကောက်နဲ့ ညောင်ကျိုးတိုက်နယ်ဒေသတွေပါဝင်ပြီး ရပ်ကွက်သုံးခုနဲ့ ကျေးရွာအုပ်စု ၇၃ခုဖြင့် ဖွဲ့စည်းထားပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐

နှစ်စဉ် မိုးစပါးဧက တစ်သိန်းကျော်ကို စိုက်ပျိုးလျက်ရှိသော အင်္ဂပူမြို့နယ်၏ လယ်ယာရှုခင်း။



6-9 (01).pmd 1 9/6/2010, 2:19 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၆ ရက်)

# ယဉ်ကျေးမှုသုတေသနပြု စာတမ်းဖတ်ပွဲများ တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်များ ဖော်ထုတ်နိုင်

''မြန်မာနိုင်ငံအတွင်း ပျူများပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း'' သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ စက်တင်ဘာ ၃ရက်က ကျင်းပခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များအပေါ် လေ့လာသုံးသပ်ဆင်ခြင်၍ တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရန်အတွက် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများသည် ရှည်လျားခိုင်မာသော သမိုင်းကြောင်းနှင့်အတူ ဖြစ်ထွန်းလာသည့် နိုင်ငံနှင့်လူမျိုးဖြစ်သည်။ ယဉ်ကျေးမှုစတင်ပေါ်ထွန်းခဲ့သော သမိုင်းမတင်မီခေတ်ကာလများ၌လည်း မြန်မာနိုင်ငံတွင် ကျောက်ခေတ်ယဉ်ကျေးမှု လက်ရာဖြစ်သည့် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုများအဆင့်ဆင့် ထွန်းကားခဲ့သည်။

ယင်းမှတစ်ဆင့် ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ ထွန်းကားခဲ့ပြီး မြို့ပြယဉ်ကျေးမှုကို ထူထောင်နိုင်သည့် ပျူယဉ်ကျေးမှုထွန်းကားသော ကာလကိုရောက်ရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ပျူများနေထိုင်ခြင်းနှင့် ထင်ရှားသောပျူမြို့ပြနိုင်ငံများ ထူထောင်နိုင်ခဲ့ခြင်း၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်အနုသုခုမသဘင်ရှိခြင်းတို့သည် ပျူများ၏ထူးခြားသော အသွင်များပင်ဖြစ်သည်။ ပျူတို့မှ အသီးတစ်ရာ အညှာတစ်ခုပမာ ဆင်းသက်လာသူများက ပုဂံနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည်။

ရှေးဦးမြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည့် ပျူလူမျိုးတို့သည် မြန်မာနိုင်ငံအတွင်း ရေကြည်ရာ မြက်နုရာ သွားရောက်အခြေချ နေထိုင်ခဲ့ကြသည်။ ပျူများ၏ ယဉ်ကျေးမှုအဆင့်အတန်းသည် အလွန်မြင့်မားခဲ့သည်ကို သုတေသနပြု တူးဖော်တွေ့ရှိချက်များအရ သိရှိရပေသည်။

မြန်မာတို့၏ ယဉ်ကျေးမှုသည် သမိုင်းမတင်မီခေတ်မှအစပြု၍ ယဉ်ကျေးမှုအဆင့်ဆင့် မြင့်မားလာခဲ့ခြင်းဖြစ်သည်ကို သုတေသနပြု ဖော်ထုတ်ရရှိသည့် အထောက်အထားများက ခိုင်မာစွာပြသလျက်ရှိရာ သမိုင်းကြိုခေတ်၊ ပျူ၊ ယဉ်ကျေးမှုထွန်းကားခဲ့ရာကာလမှ မျက်မှောက်ကာလအထိ ခေတ်စဉ်အတိုင်း သုတေသနပြုချက်များ၊ သုတေသနစာတမ်းဖတ်ပွဲများသည် တိကျခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်ရာတွင် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၆-၉-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဘာရနက္ခေပနံ....သုခံ (အချမ်းသာဆုံး ချမ်းသာစစ်) (အပိုင်း-၁)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ **မိုးသောက်ကြယ်** (အပိုင်း-၁၅)
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** အပိုင်း-(၁၁)
၂၄။ **Mini Series**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

လှိုင်ကော် စက်တင်ဘာ ၅

ကယားပြည်နယ် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ဩဂုတ် ၈ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (လှိုင်ကော်)မှ ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်**(ယာပုံ)**က ယာဉ်မောင်းနှင့် ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်း၊ ဆောင်ရန် ရှောင်ရန်အချက်များနှင့် ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကယားပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ် အောင်နွယ်က ခြေကျင်လျှောက်သူများနှင့် စက်ဘီးစီးသူများ လိုက်နာရမည့် စည်းကမ်းနှင့် အရေးယူဆောင်ရွက်သည့် ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲသို့ သင်တန်းသား သင်တန်းသူ ၁၄၀တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ကညန)**

# ချောက်ပင်မဓာတ်အားခွဲရုံ

# ဝန်ကြီးဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ၁၃၂/၆၆/၁၁ကေဗွီ ၄၀အမ်ဗွီအေ ချောက်ပင်မဓာတ်အားခွဲရုံ ရှင်းလင်းဆောင်၌ ဝန်ကြီးဌာနအောက်ရှိ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ အင်ဂျင်နီယာချုပ်များ၊ ဒုတိယအင်ဂျင်နီယာချုပ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လျှပ်စစ်အင်ဂျင်နီယာများ၊ စီမံကိန်းညွှန်ကြားရေးမှူးများ ၊ စီမံကိန်းမန်နေဂျာများ၊ ဓာတ်အားခွဲရုံမှူးများ၊ မဟာဓာတ်အားလိုင်းရုံး လိုင်းမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ ထို့နောက် ဓာတ်အားခွဲရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပဲမျိုးစုံအထွက်တိုးစိုက်ပျိုးနည်း မြင်းခြံမြို့နယ် ဂျပ်ပင်ကျေးရွာ၌ သရုပ်ပြ

မြင်းခြံ စက်တင်ဘာ ၅

မြင်းခြံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်ကြည်နှင့် ဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၁၅ရက် နံနက်က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကျစရိတ်နည်းသည့် ယူရီးယားနှင့် လက်ချားအသုံးပြုပြီး ပဲမျိုးစုံ အထွက်တိုးအောင် စိုက်ပျိုးနည်းကို ကွင်းဆင်းပညာပေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဂျပ်ပင်ကျေးရွာ ကွင်းအမှတ်(၂၈၄) ဦးပိုင်အမှတ် (၂၈)တောင်သူ ဦးဝင်းနိုင်၏ ပဲတီစိမ်းစိုက်ခင်း၌ ဝန်ထမ်းများစုပေါင်း၍ ဇီဝစုပါ ဆေးဖျန်းခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (စိုက်ပျိုးရေး)**



## မြေခင်းအလုပ်ဆောင်ရွက်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်းဟောင်း(၁) တရားရုံးအနီး မြေခင်းအလုပ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၃၁ရက်က အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဗိုင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)





# ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ရက် ညနေပိုင်းက တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးချုပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။ အစီအစဉ်အရ တိုင်းမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းတင်ပြ

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကော်မရှင်လုပ်ငန်းဆိုင်ရာသင်တန်းလုပ်ငန်း နတ်မောက်မြို့နယ်၌ ဖွင့်လှစ်

**နတ်မောက် စက်တင်ဘာ ၅**

နတ်မောက်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ် ပြည်သူ့ခန်းမနှင့် အခြေခံပညာ အထက်တန်းကျောင်း စုံညီခန်းမ၌ နှစ်နေရာခွဲ၍ ဖွင့်လှစ်သည်။

## ဆွေးနွေးပို့ချ

သင်တန်းဖွင့်ပွဲတွင် မကွေးခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသန်းအောင်နှင့် ဦးသန်းဌေးတို့က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင် **(အပေါ်ပုံ)**က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဖြစ်ကြသည့် မြို့နယ်ဥပဒေအရာရှိ ဦးဇော်တင်အေးက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပို့ချပြီး တာဝန်ရှိသူတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးပို့ချကြသည်။ ထို့နောက် မဲရုံတည်ဆောက်ခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မကွေးခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသန်းအောင်နှင့် ဦးသန်းဌေး၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမြအောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ်ကော်မရှင်)**

**သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒေးဒရဲမြို့နယ် ရပ်ကွက်အတွင်း ရေမြောင်းများ၊ စာသင်ကျောင်းများနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဩဂုတ် ၁၅ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၅**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၄)တွင် ကိုရီးယားမင်းသမီး လီဟားနား မြန်မာပြည်လာမည်၊ နိုင်ငံတကာ ရေနံကုမ္ပဏီကြီးများတွင် တာဝန်ထမ်းဆောင်ရန် မြန်မာလုပ်သားများကို Uniteam Marine က သုံးနှစ်ကြာ သင်တန်းပေးရန်စီစဉ်၊ လူကုန်ကူးသူများ ကျောင်းများကို ပစ်မှတ်ထားလာ၊ အဲအေးရှားမှ ဈေးနှုန်းလျှော့ ပျံသန်းခြင်းကြောင့် နာမည်ကြီးလေကြောင်းလိုင်းများ ထိခိုက်မှု ရှိလာ၊ စင်ကာပူနှင့်မလေးရှားသို့ အလုပ်ခေါ်စာဖြင့် အလွယ်တကူသွားရောက်နိုင်၊ လမ်းသူရဲအုပ်စု မြန်မာရွှေ့ပြောင်းလုပ်သားများအား ပစ်မှတ်ထား ရန်ရှာလာ၊ ပြည်ပတွင် ပညာသင်ကြားမည်ဆိုလျှင်၊ ငါးသိန်းတန်ဖုန်း ဘယ်လိုသုံးမလဲ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ မိတ်ဆွေစစ် Myanmar Channel၊ သမုဒ္ဒရာရေနက်ပိုင်းမှ ထူးထူးဆန်းဆန်း သတ္တဝါများကို စူးစမ်းရှာဖွေခြင်း Myanmar Discovery၊ နိုင်ငံခြားမှာ ကျောင်းတက်မယ်ဆိုရင်တော့ စာတော်ရုံနဲ့ မပြီးသေးဘူး၊ အမေရိကန်နိုင်ငံ Berea ကောလိပ်သို့ပညာသင်ဆု လေးနှစ်စာရရှိသော မြန်မာနိုင်ငံ၏ ပထမဆုံးကျောင်းသား မောင်စိုင်းအောင်စိုးလင်းနှင့် တွေ့ဆုံခြင်း၊ အထပ်မြင့် အဆောက်အအုံများ လျှပ်စစ်နှင့် မီးဘေး ကာကွယ်မှုသတိပြုရန်(၂၁)ချက်၊ ဒေါ်ပုံမြစ်အတွင်း နစ်မြုပ်နေသော ခေါင်းလောင်းကြီး၊ အမိကမ္ဘာမြေကို ကယ်တင်ပါကွဲသို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

## ဖြန့်ချီ

အာဆီယံစီးပွားရေးကတော့ တောင့်တင်းခိုင်မာနေဦးမှာပါ၊ ထိုင်းဘဏ္ဍာရေးဝန်ကြီး ကွန်ချာတီကာဝန်နစ်နှင့် News Week မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ၁၀ နှစ်တာကာလအတွင်း စင်ကာပူ၌ အမြဲတမ်းအခြေချနေထိုင်သူ အရေအတွက် နှစ်ဆတိုးပွားလာ၊ ဖမ်းဆီးထားသော အမေရိကန်လူမျိုးအား မြောက်ကိုရီးယားက ပြန်လွှတ်ပေးခဲ့၊ တရုတ်လူငယ်များ တရုတ်အက္ခရာစာလုံးများ ရေးသားနည်းမေ့ပျောက်လျက်ရှိ၊ မယုံဘူးလား ကျွန်မအသက် (၁၄)နှစ်၊ Twitter နှင့် You Tube ပိတ်ဆို့ ဟန့်တားမှု မြောက်ကိုရီးယားက တောင်ကိုရီးယားကို ဝေဖန်ပြစ်တင်၊ အသည်းဆဲလ် ဖန်တီးနိုင်ပြီ၊ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီနှင့်သားဖြစ်သူတို့ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများစုံလင်စွာဖြင့် e- Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

# ဖျူးမြို့၌ စာပေညီလာခံအတွေ့အကြုံရှင်းလင်း

**ဖျူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ဖျူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၁ နာရီက ဖျူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဆောင်ရွက်

အဆိုပါ အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖျူးမြင့်ဦး) နှင့် အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ရှင် (မောင်ချမ်းမြေ့-ဖျူး)တို့က ဆောင်ရွက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလွင်မင်း **(ယာပုံ)** က အမှာစကားပြောကြားသည်။

## ရှင်းလင်း

ဆက်လက်၍ ပဉ္စမအကြိမ် စာပေညီလာခံကိုယ်စားလှယ် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖျူးမြင့်ဦး)က ပဉ္စမအကြိမ်စာပေညီလာခံ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် လေးရပ်၊ အတည်ပြုချက် သုံးရပ်၊ မှတ်တမ်းတင်ခြင်း ငါးရပ်နှင့် ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၀၅၁)



# မိတ္ထီလာ၌ အခမဲ့ဆေးကုသ

မိတ္ထီလာ စက်တင်ဘာ ၅

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးအသင်းခွဲတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသမှုအစီအစဉ်ကို ဩဂုတ် ၁၈ရက်က မိတ္ထီလာမြို့နယ် မုန်တိုင်ရွာ၌ ပြုလုပ်ခဲ့သည်။

## အခမဲ့ဆေးကုသပေး

အဆိုပါ ကွင်းဆင်းဆေးကုသရာသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ရွှေနှင့် ဦးအောင်ထပ်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးရုံအုပ်ကြီး ဦးမြင့်အောင်၊ တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုသရေးဆရာ ဆရာမများက မုန်တိုင်ကျေးရွာအုပ်စုမှ လူနာ ၃၇၅ဦးကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

(၀၇၈)



# ISO QMS Training ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

MAT Professional Training & Services နှင့် Guardian Independent Certification Ltd. (UK) တို့ ပူးပေါင်း၍ ISO QMS 9001:2008 Quality Management System Awareness သင်တန်းကို စက်တင်ဘာ ၂ရက်က အမှတ်၃၅၅ သိမ်ဖြူလမ်းရှိ MAT သင်တန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ ISO လက်မှတ်ရ ကုမ္ပဏီများ၊ ISO လက်မှတ်ရယူလိုသော ကုမ္ပဏီများ အစရှိသည့် ကုမ္ပဏီ၁၅ခု၊ INGO များနှင့် အခြားစိတ်ပါဝင်စားသူ သင်တန်းသား ၆၀ခန့် တက်ရောက်ခဲ့ကြပြီး IRCA - UK Registered QMS Auditor [ GIC International Ltd. (UK) ] Dr. Tin Lattက ပို့ချကာ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

## စုံစမ်းနိုင်

မြန်မာနိုင်ငံတွင် ISO QMS နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်ကြောင်း၊ ၄င်းအပြင် HACCP, ISO 22000 သင်တန်းများ၊ Marketing သင်တန်းများ၊ Auditing သင်တန်းများကို လစဉ်ပို့ချလျက် ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI, ACCA, CAT နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း၊ လာမည့် စက်တင်ဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ISO 14000- Environmental Management Standards (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစံညွှန်းများ) ဘာသာရပ်ကို ဆက်လက်ဖွင့်လှစ် ပို့ချပေးမည် ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services, ဖုန်း- ၂၄၆၆၁၈၊ ၇၃၀၀၂၈၅၈၊ ၂၄၂၄၃၁နှင့် www. matprofessional. com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အီရတ်မှအမေရိကန်တပ်နှင့် စစ်ပစ္စည်းများရုပ်သိမ်းရေး တူရကီကိုဖြတ်သန်းခွင့်ပြုရန် အမေရိကန်ကြိုးပမ်း

**အန်ကာရာ စက်တင်ဘာ ၅**

တူရကီပိုင်နက်နယ်မြေကိုဖြတ်ပြီး အီရတ်မှအမေရိကန်တပ်နှင့်စစ်ပစ္စည်းများ ရုပ်သိမ်းရေးအတွက် အမေရိကန်နိုင်ငံက တူရကီနိုင်ငံ၏ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းခဲ့ရာ တူရကီနိုင်ငံက အပြုသဘောလက်ခံကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆဲကပ်ယူနောက စက်တင်ဘာ ၃ရက်တွင် ပြောကြားသည်။

အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလန်သည် တူရကီစစ်ဦးစီးအရာရှိချုပ်သစ် ဗိုလ်ချုပ်ကြီးအိုင်ဆစ်ကိုဆာနာနှင့် တွေ့ဆုံရန် တူရကီနိုင်ငံ အန်ကာရာသို့ ရောက်ရှိနေသည်။

**တွေ့ဆုံဆွေးနွေး**

အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီးမိုက်မူလန် အန်ကာရာသို့မရောက်မီ နာရီပိုင်းအလိုတွင် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ရေတပ်ဗိုလ်ချုပ်ကြီးမိုက်မူလန်နှင့် ဗိုလ်ချုပ်ကြီးအိုင်ဆစ်ကိုဆာနာတို့သည် စက်တင်ဘာ ၂ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တူရကီနိုင်ငံကိုဖြတ်ပြီး အီရတ်မှအမေရိကန်တပ်နှင့် စစ်ပစ္စည်းများရုပ်သိမ်းရေးအတွက် မိမိတို့နှစ်နိုင်ငံ မကြာခဏဆွေးနွေးမှုများရှိခဲ့ကြောင်းကိုမူ တူရကီပြောရေးဆိုခွင့်ရှိသူက အသေးစိတ်ရှင်းလင်းခြင်းမရှိပေ။ သို့သော် ယခင်က ထိုကဲ့သို့အမေရိကန်အနေဖြင့် မေတ္တာရပ်ခံခဲ့ခြင်းမရှိဟု ၎င်းက ထည့်သွင်းပြောဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## လေယာဉ်အင်ဂျင်မီးလောင်မှုကြောင့် ဆိုဖီယာလေဆိပ်၌ အရေးပေါ်ဆင်းသက်

**ဆိုဖီယာ စက်တင်ဘာ ၅**

ဥရောပ အနောက်မြောက်ပိုင်း လေကြောင်းလိုင်းမှ မက်ဒွန်နယ်ဒေါ့ဂလပ် အမ်ဒီ-၈၂ ခရီးသည်တင်လေယာဉ်သည် စက်တင်ဘာ ၄ ရက်က အင်ဂျင် တစ်လုံး မီးလောင်မှုဖြစ်ပွားသဖြင့် ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာလေဆိပ်သို့ အရေးပေါ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း လေဆိပ် အာဏာပိုင်အဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

**ဆင်းသက်နိုင်ခဲ့**

ခရီးသည် ၁၃၃ ဦး တင်ဆောင်လာသည့် မက်ဒွန်နယ်ဒေါ့ဂလပ် အမ်ဒီ-၈၂ လေယာဉ်သည် ဂရိနိုင်ငံ ကော့စ်မြို့မှ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သို့ ဦးတည်ပျံသန်းလာစဉ် ည ၁၀ နာရီခန့်တွင် အင်ဂျင် မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ချက်ချင်းအရေးပေါ် သတိပေးချက်များ ထွက်ပေါ်လာရာ ဆိုဖီယာလေဆိပ်သို့ အောင်အောင်မြင်မြင် ဆင်းသက်နိုင်ခဲ့ပြီး ဒဏ်ရာရရှိမှုများ မဖြစ်ပေါ်ခဲ့ကြောင်း လေဆိပ်အာဏာပိုင်က ပြောကြားသည်။

အဆိုပါ ခရီးစဉ်ရပ်ဆိုင်းခဲ့ရပြီးနောက် မက်ဒွန်နယ်ဒေါ့ဂလပ် လေကြောင်းလိုင်းမှ အခြားလေယာဉ်တစ်စင်းဖြင့် ခရီးသည်များအား ကိုပင်ဟေဂင်ခရီးစဉ်ကို ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



## အစ္စရေး၏နျူကလီးယားလုပ်ငန်း အိုင်အေအီးအေလျစ်လျူရှု တစ်ဖက်စောင်းနင်းပြုလုပ်နေဟု အီရန်ပြောကြား

**တဲလ်အဗစ် စက်တင်ဘာ ၅**

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)သည် အစ္စရေးတို့၏ နျူကလီးယားလုပ်ငန်းများကို လျစ်လျူရှုထားပြီး မိမိတို့အပေါ် တစ်ဖက်စောင်းနင်းပြုလုပ်နေကြောင်း အီရန်တို့က စက်တင်ဘာ ၄ရက်တွင် ပြစ်တင်ဝေဖန်လိုက်သည်။

**တိုးချဲ့**

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ နျူကလီးယား ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နျူကလီးယား လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ၎င်းကို အိုင်အေအီးအေ အပါအဝင် အနောက်နိုင်ငံများက မျက်ကွယ်ပြုထားကြောင်း အီရန်ထိပ်တန်း နျူကလီးယား အရာရှိများက ပြောကြားသည်။

**ဖုံးကွယ်**

အစ္စရေးတို့၏ နျူကလီးယားစွမ်းအားမှာ ဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ဖြစ်ကြောင်း ပြောကြားနေခြင်းမှာ ဖုံးကွယ်မှုတစ်ရပ်သာဖြစ်ကြောင်း၊ နျူကလီးယားလက်နက်များ ပိုင်ဆိုင်မှုအပေါ် အခြေခံပြီး အရှေ့အလယ်ပိုင်းဒေသကို ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အစ္စရေးနိုင်ငံသည် နျူကလီးယား ထိပ်ဖူး ၂၀၀နှင့် ၄၀၀ အကြားပိုင်ဆိုင်ထားကြောင်း၊ ထို့အပြင် နျူကလီးယားစွမ်းအား တိုးမြှင့်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။



အစ္စရေးနိုင်ငံရှိ နျူကလီးယားဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုအတောအတွင်း အိုင်အေအီးအေ အကြီးအကဲ ယူကီယာအာမာနိုက အစ္စရေးတို့၏ နျူကလီးယားလုပ်ငန်းစဉ်များမှာ အိုင်အေအီးအေ၏ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း မူဘောင်အတွင်းမဖြစ်သင့်ကြောင်း ပြောကြားခဲ့ရာ ၎င်း၏ပြောကြားချက်ကို အစ္စရေးတို့က ချက်ချင်းပယ်ချခဲ့သည်။

**တုံ့ပြန်ပြောကြား**

အိုင်အေအီးအေသည် အီရန်တို့၏ တွန်းအားပေးမှုအပေါ် လိုက်ပြီး အစ္စရေးအပေါ် ထင်မြင်ယူဆနေခြင်းတစ်ရပ်သာဖြစ်ကြောင်း၊ အီရန်တို့၏ နျူကလီးယားအစီအစဉ်ကသာ ခြိမ်းခြောက်မှုတစ်ရပ်အသွင်ဆောင်နေကြောင်း အစ္စရေးတို့က တုံ့ပြန်ပြောကြားလိုက်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

## အမေရိကန်ဒုံးလက်နက်ကြောင့် ပါကစ္စတန် ခြောက်ဦးသေဆုံး

**အစ္စလမ္မာဘတ် စက်တင်ဘာ ၅**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ စက်တင်ဘာ ၄ရက် ညပိုင်းက အမေရိကန်တို့၏ ဒုံးလက်နက်ဖြင့်ပစ်ခတ်မှုကြောင့် အနည်းဆုံး ခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

**နှစ်ကြိမ်ပစ်ခတ်**

အဆိုပါတိုက်ခိုက်မှုသည် မြောက်ဝါရီရစ္စတန် ဒါတာစီးလ်ဒေသ၌ ည၇နာရီက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အနည်းဆုံးဒုံးလက်နက်ဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နယ်စပ် ပါကစ္စတန်လူမျိုးစု သတင်းအေဂျင်စီက ပြောကြားသည်။ **(အင်တာနက်)**

## မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှု အိန္ဒိယ၌ ငါးဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ စက်တင်ဘာ ၄ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

**မိုးကြိုးပစ်ခံရ**

နယူးဒေလီမြို့ အရှေ့တောင်ပိုင်း မိုင် ၃၅၀ အကွာရှိ ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့သည် မုတ်သုံမိုး ပြင်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေများ လျှံတက်ကာ ရေလွှမ်းမှုများ ဖြစ်ပေါ်ပြီး **(အောက်ပုံ)** မိုးကြိုးပစ်ခံရသူ လေးဦးသေဆုံးခဲ့သည်ဟု အိန္ဒိယတိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။

မိုးရေချိန်သည် ၈၃သမ၂မီလီမီတာအထိ ရွာသွန်းပြီးနောက် ချာမိုလီမြို့နှင့် ဥတ္တရာပရာဒေ့ရှ်မြို့များရှိ ဒေသများစွာတွင် မြေပြိုမှုဖြစ်ပွားကာ ထောင်ပေါင်းများစွာသော ဒေသခံတို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရသည်။

**ဆက်လက်ရွာသွန်း**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများ၌ လာမည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နိုင်သေးကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



## ပနားမားစီးတီး မြေအောက်ရထားစီမံကိန်း ပနားမားတူးမြောင်းတိုးချဲ့ရေး စီမံကိန်းပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်

**ပနားမားစီးတီး စက်တင်ဘာ ၅**

ပနားမားစီးတီး၏ ပထမဆုံးမြေအောက်ရထားလမ်းကို ယခုနှစ်မကုန်မီ စတင်တည်ဆောက်မည်ဖြစ်ကြောင်း မြို့တော်မြူနီစီပယ် ညွှန်ကြားရေးမှူး ရောဘတ်တိုရှိုင်းက စက်တင်ဘာ ၃ရက်တွင် ထုတ်ပြန်ပြောဆိုသည်။

**ရှင်းလင်းပြောကြား**

မြေအောက်ရထားလမ်းစီမံကိန်းအတွက် အရာရာကို တိကျခိုင်မာသည့် အစီအစဉ်များ ချမှတ်လုပ်ဆောင်နေကြောင်းဖြင့် ညွှန်ကြားရေးမှူး ရှိုင်းက သတင်းထောက်များအား ရှင်းလင်းပြောကြားသည်။

**ထိခိုက်မည်မဟုတ်**

မြေအောက်ရထားလမ်းကို မြေအောက်မီတာ ၂၀တွင် ဖောက်လုပ်မည်ဖြစ်သဖြင့် ရေပိုက်လိုင်းများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် အခြားသော အခြေခံအဆောက်အအုံများကို ထိခိုက်စေမည်မဟုတ်ဟုလည်း ညွှန်ကြားရေးမှူး ရှိုင်းက ပြောဆိုသည်။

ပနားမားနိုင်ငံအတွက် ဤမြေအောက်ရထားစီမံကိန်းသည် ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်းပြီးလျှင် ဒုတိယအကြီးမားဆုံး စီမံကိန်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဒါဖာဒေသ၌ အကြမ်းဖက်မှုများဖြစ်ပွား၊ ခြောက်ဦးသေဆုံး

**ကိုင်ရို စက်တင်ဘာ ၅**

ဆူဒန်နိုင်ငံ ဒါဖာဒေသ ဒုက္ခသည်စခန်း၌ အကြမ်းဖက်မှုများဖြစ်ပွား၍ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကုလသမဂ္ဂနှင့် အာဖရိက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အဆိုပါ အကြမ်းဖက်မှုသည် စက်တင်ဘာ ၃ ရက် ညပိုင်းက ဒါဖာအနောက်ပိုင်း ဟာမီဒီယာ ဒုက္ခသည်စခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတို့သည် စက်တင်ဘာ ၄ရက် နံနက်အထိ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၃၃ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

## နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➣

### ဂွါတီမာလာတွင် မိုးသည်းထန်၍ ၁၄ ဦးသေဆုံး

*ဂွါတီမာလာစီးတီး စက်တင်ဘာ ၅*

*ဂွါတီမာလာနိုင်ငံတွင် သီတင်းပတ်ကြာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် စက်တင်ဘာ ၄ရက်က နေရာနှစ်နေရာတွင် မြေပြိုမှုဖြစ်ကာ ၁၄ဦး သေဆုံးခဲ့သည်။ ထို့နောက်တွင်ပင် ဂွါတီမာလာသမ္မတ အယ်လ်ဗာရိုကိုလွန်က နိုင်ငံသို့ ရေကြီးမြေပြိုမှုများ အတွက် ကြိုတင်သတိပေးကာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ အဆိုပါဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက်က ချီမာတန်နာဂိုမြို့၌ မြေပြိုကျရာ အနီးရှိဘတ်စ်ကားတစ်စီးအတွင်း လူ ၁၀ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့သည်။ အခြားဖြစ်စဉ်မှာ ကွက်နယ်တန်နာဂိုမြို့၌ နေအိမ်အပေါ် မြေပြိုကျ၍ လေးဦးသေဆုံးခဲ့သည်။* **(အင်တာနက်)**



### ဆင်းပြည်နယ်တွင် ရေကြီးမှုခြိမ်းခြောက်လာပြန်

*ကရာချိ စက်တင်ဘာ ၅*

***ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်တောင်ပိုင်း၌ နောက်ထပ်မြို့တစ်မြို့ ရေကြီးမှုမှ ကာကွယ်ရန်အတွက် စက်တင်ဘာ ၅ရက်တွင် စတင်ပြင်ဆင်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တစ်လကျော်ကြာ မုတ်သုံမိုးများ အဆက်မပြတ် ရွာသွန်းခဲ့၍ ဆင်းပြည်နယ် တောင်ပိုင်းတွင် ၂၃ ခရိုင်ရှိသည့်အနက် ၁၉ ခရိုင်မှာ ရေကြီးမှုကို ခြိမ်းခြောက်ခံနေရကြောင်း၊ လူပေါင်း ရှစ်သန်း အသက်ရှင်နေထိုင်ရေးအတွက် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့နေရကြောင်း သတင်း၌ဖော်ပြသည်။*** *(အပေါ်ပုံ) (အင်တာနက်)*



### ဘရာမို့စ်ခရုဇ်ဒုံးကျည် အိန္ဒိယက အောင်မြင်စွာစမ်းသပ်

***နယူးဒေလီ စက်တင်ဘာ ၅***

*အိန္ဒိယနိုင်ငံက စက်တင်ဘာ ၅ ရက်တွင် ဘရာမို့စ်ခရုဇ်ဒုံးကျည်ကို ဩရိသပြည်နယ်အရှေ့ပိုင်း ကမ်းခြေ၌ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ရေးသားဖော်ပြသည်။*

*အဆိုပါ ဘရာမို့စ်ခရုဇ်ဒုံးကျည်ကို ဒေသစံတော်ချိန် နံနက် ၁၁နာရီခွဲက စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဒုံးကျည်ကို အိန္ဒိယ-ရုရှား ဖက်စပ်ထုတ်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းဒုံးကျည်ကို အိန္ဒိယကြည်းတပ်မှာသာမက ရေတပ်၌လည်း အသုံးပြုနိုင်မည် ဖြစ်ကြောင်းသိရသည်။ ဘရာမို့စ်ခရုဇ်ဒုံးကျည်ကို ရေငုပ်သင်္ဘောများအပါအဝင် ရေလမ်း၊ ကုန်းလမ်းများအပြင် ဝေဟင်မှလည်း သယ်ဆောင်ပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ ၎င်းဒုံးကျည်သည် အနည်းဆုံး ကီလိုမီတာ ၂၉၀ အကွာရှိ ပစ်မှတ်ကို ပစ်ခတ်နိုင်ကြောင်း၊ သင်္ဘောမှ ပစ်ခတ်မည့် ဒုံးကျည်သည် ၂၀၀ ကီလိုဂရမ်ရှိ ဒုံးပျံထိပ်ဖူးကိုသယ်ဆောင်နိုင်ကြောင်း၊ လေကြောင်းမှ ပစ်ခတ်သည့် ဒုံးကျည် သည် ၃၀၀ ကီလိုဂရမ်ရှိ ဒုံးပျံထိပ်ဖူးကို သယ်ဆောင်ပစ်ခတ်နိုင်ကြောင်းသိရသည်။* ***(အပေါ်ပုံ)***

***(အင်တာနက်)***

### အစ္စရေးတိုက်လေယာဉ်များ ဂါဇာကိုပစ်ခတ်

*ဂါဇာ စက်တင်ဘာ ၅*

***အစ္စရေးတို့က စက်တင်ဘာ ၄ ရက် ညပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း အီဂျစ်နယ်စပ် ဥမင်လိုဏ်ခေါင်းများ ရှိရာဒေသကို ပစ်မှတ်ထားလျက် လေကြောင်းမှ သုံးကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းလေးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြန်လည်ပြောကြားသည်။ အစ္စရေးအက်ဖ်-၁၆ တိုက်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ခန်းယူနစ်မြို့အရှေ့ဘက် ဥမင်တစ်ခုကို ပထမဆုံး ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ စစ်လေယာဉ်များက မှောင်ခိုပစ္စည်းများထားရှိရာ အခြားဥမင်နှစ်ခုကိုလည်း ပစ်ခတ်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်းအလုပ်သမားလေးဦး ဒဏ်ရာရခဲ့သည်။***

*(အင်တာနက်)*

## ကမ္ဘာ့ရာသီဥတုကြောင့် ပြောင်းလဲလာသော အမေဇုန်မြစ်ဝှမ်း

➢ မြင့်မောင်စိုး - ရေးသားသည် ➣

**လီမာ စက်တင်ဘာ ၅**

အမေဇိုနီးယားလို့ လူသိများလှတဲ့ အမေဇုန် သစ်တောကြီးဟာဖြင့် ကမ္ဘာပေါ်မှာ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်လှတဲ့ တောကြီးဖြစ်ပါတယ်။ ဒီအမေဇုန်တောကြီးဟာ ကျွန်ုပ်တို့လူသားတွေနေထိုင်တဲ့ ကမ္ဘာမြေအတွက် လိုအပ်တဲ့အောက်ဆီဂျင်ဓာတ် ၂၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးနိုင်တယ်လို့ ဆိုပါတယ်။

အမေဇုန်သစ်တောကြီးဟာ အမေဇုန်မြစ်ကြောင့်လည်း လူသိများ ကျော်ကြားခဲ့ပါတယ်။ ဒီမြစ်ဟာ နိုင်းမြစ်ပြီးရင် ကမ္ဘာပေါ်မှာ ဒုတိယအရှည်လျားဆုံးမြစ် ဖြစ်ပါတယ်။ အမေဇုန်မြစ်ဟာ ပီရူးနိုင်ငံ အန်ဒက်စ်ဒေသမှ စတင်ပြီး တောင်အမေရိကတိုက် မြောက်ပိုင်းတစ်ခုလုံးကို ရစ်ခွေစီးဆင်းနေတဲ့ မြစ်ဖြစ်ပါတယ်။ ဒီမြစ်ဟာ ဘရာဇီးနိုင်ငံ ဘီလမ်းဒေသမှ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စီးဝင်သွားပါတယ်။ မြစ်ရဲ့အရှည်မိုင်ကတော့ ၄၀၈၀ ရှိပါတယ်။ မြစ်ဝှမ်းတစ်ခုလုံး အကျယ်ကတော့ စတုရန်းမိုင် ၂၇၂၂၀၀၀ရှိပါတယ်။ ဒီမြစ်ဟာ ဘရာဇီး၊ ကိုလံဘီယာ၊ ပီရူး၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ဘိုလစ်ဘီးယားနိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ ကမ္ဘာ့မြစ်ရေအားလုံးရဲ့ ၁၆ ရာခိုင်နှုန်းဟာ အမေဇုန်မြစ်ဝထဲမှာ ရှိပါတယ်။




**တောင်အမေရိကတိုက်မြောက်ပိုင်း ဒေသတစ်ခုလုံး အမေဇုန်သစ်တောများ ဖုံးလွှမ်းလျက်ရှိပုံ။**

### မြင့်တက်နိုင်

အမေဇုန်သစ်တောဟာ စိုစွတ်တဲ့ရာသီဥတုရှိပြီး ကမ္ဘာမှာ ဇီဝမျိုးကွဲ အများဆုံးနေထိုင်ကျက်စားရာ ဒေသတစ်ခုဖြစ်ပါတယ်။ အမေဇုန်တောဟာ တစ်နှစ်ပတ်လုံး မိုးရေချိန် ၉ လက်မ ခန့်သာရပါတယ်။ အမေဇုန်မြစ်အတွင်း စီးဆင်းနေတဲ့ မြစ်ရေတွေဟာ ပီရူးဗီးယန်းအန်ဒက်စ် ရေခဲတောင်အရည်ပျော်ကျရာမှ ဖြစ်တည်နေတာ ဖြစ်ပါတယ်။ နှစ်စဉ် ဇွန်လမှ အောက်တိုဘာလ အတွင်း မြစ်ရေ ပေ ၃၀မှ ၄၅ပေအထိ မြင့်တက်နိုင်ပါတယ်။

### အကြီးဆုံး

အမေဇုန်မြစ်ဝှမ်းက မြစ်လက်တက်တွေဟာလည်း မြောက်မြားစွာ ရှိပါတယ်။ တောင်အမေရိကတိုက်ရဲ့ မြောက်ပိုင်း ဒေသတစ်ဝန်းလုံး မြစ်ဝှမ်းအတွင်းမှာ ရှိပါတယ်။ မြစ်လက်တက်ပေါင်း ၁၁၀၀ကျော်ရှိပါတယ်။ အမေဇုန်မြစ်ဝှမ်းဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး ဖြစ်ပါတယ်။ မြစ်ရဲ့အကျယ်က တစ်မိုင်ခန့်ရှိပြီး ဘရာဇီးနိုင်ငံ ဘီလမ်းဒေသမှာတော့ မြစ်ရဲ့အကျယ်ဟာ ၃၅မိုင်အထိရှိပါတယ်။ အဲဒီကမှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာထဲကို စီးဝင်သွားပါတယ်။ မြစ်ဟာ ရေချိုမြစ်ဖြစ်တဲ့အတွက်ကြောင့် ငါးနဲ့ ရေသတ္တဝါမျိုးစုံ ကျက်စားရာ ဒေသတစ်ခု ဖြစ်ပါတယ်။

အမေဇုန်သစ်တောဟာ အပူပိုင်းသစ်တောဖြစ်ပြီး ဘရာဇီးနိုင်ငံရဲ့ တစ်ဝက်ကျော်ကို ဖုံးလွှမ်းလျက်ရှိပါတယ်။ ဒီအမေဇုန်မြစ်ဝှမ်းမှာ နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၅၀၀ကျော်၊ ပုတ်သင်မျိုးစိတ် ၁၇၅မျိုး၊ အခြားတွားသွားသတ္တဝါ မျိုးစိတ် ၃၀၀ကျော်၊ အင်းဆက်အမျိုးပေါင်းသန်း ၃၀ကျော်တို့ နေထိုင်ကျက်စားလျက်ရှိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ငှက်မျိုးပေါင်း သုံးပုံတစ်ပုံဟာ ဒီအမေဇုန်မြစ်ဝှမ်းမှာ ရှိကြပါတယ်။ ဒီအမေဇုန်မြစ်ဝှမ်းဟာ လွန်ခဲ့တဲ့ ရာစုနှစ်များတုန်းက သဘာဝအတိုင်းရှိကြပေမယ့် ယခုအခါမှာတော့ လူတို့ရဲ့ပယောဂကြောင့် ပျက်စီးယိုယွင်းစပြုလာပြီ ဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုရဲ့အကျိုးဆက်ကြောင့် တောမီးများ လောင်ကျွမ်းခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ရေခဲများအရည်ပျော်ကျခြင်း စတဲ့ အကျိုးဆက်တွေ ဆက်တိုက်ဖြစ်ပွားလျက် ရှိပါတယ်။

### ထိခိုက်

ဒီအကျိုးဆက်တွေကြောင့် ယခုအခါ အမေဇုန်မြစ်ရေဟာလည်း နှစ်ပေါင်း ၄၀အတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ မြစ်ရေအနိမ့်ဆုံး ရောက်ရှိသွားတဲ့အတွက် ရေကြောင်းလေ့လာရေး အကြီးအကျယ် ထိခိုက်စေပါတယ်။

ပီရူးနိုင်ငံမှာဆိုရင် အမေဇုန်မြစ်ရေ အနိမ့်ဆုံးကျဆင်းသွားလို့ သင်္ဘောခြောက်စင်း သောင်တင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒေသရဲ့အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ရေကြောင်းခရီးသွားလာရေးလုပ်ငန်းဟာ ပိတ်လိုက်ရမလိုဖြစ်နေပါတယ်။ အမေဇုန်မြစ်ရေဟာ စက်တင်ဘာ ၁ရက်က ကွီတို့စ်မြို့ရဲ့ ၃၄၇ပေအောက် ရောက်ခဲ့တယ်လို့ ဆိုပါတယ်။

အမေဇုန်မြစ်ရေဟာ အနှစ် ၄၀အတွင်းမှာ ဆိုးဆိုးရွားရွား အနိမ့်ဆုံးသို့ ရောက်သွားခဲ့တာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာရတဲ့အကျိုးဆက်တွေဆိုရင် မှားမယ်မဟုတ်ပါဘူး။ ရာသီဥတုပြောင်းလဲခြင်းဟာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ယနေ့ ကမ္ဘာနှင့်အဝန်း အပူချိန်တွေ သိသိသာသာမြင့်တက်ခဲ့တာကြောင့် ဥရောပတစ်လွှား တောမီးလောင်မှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့ပါတယ်။ မိုးခေါင်မှု၊ ရေကြီးမှု ဖြစ်စဉ်တွေဟာလည်း ရာသီဥတုပြောင်းလဲမှုရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ဟာ လူသားအကျိုးစီးပွားအတွက် တိုက်ရိုက်ထိခိုက်နစ်နာမှုတွေဖြစ်နေတယ်ဆိုတာ ပီရူးနိုင်ငံကို ဖြတ်၍ စီးဆင်းနေတဲ့ အမေဇုန်မြစ်ရဲ့ အနိမ့်ဆုံးမြစ်ရေကျဆင်းမှုက သက်သေပြလျက် ရှိပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

**သဘာဝသစ်တောများဖြင့် သာယာလှပနေသော အမေဇုန်မြစ်၏ မြင်ကွင်းပသာဒ။**



# မျက်စိမှုန်လာပြီဆိုရင်

## ဒေါက်တာကံညွန့်

ကျွန်တော့်ကားက ဒီဇယ်ကားပါ။ ကားက မီးခိုးထွက်နေတော့ တချို့က အင်ဂျင်ချရမယ်။ အင်ဂျင်မချရတောင် အနည်းဆုံး အပေါ်နှင့်အောက်ဖွင့်လုပ်ပြီး ပီစတင်ရိန်းတွေ လဲရမယ်။ ၃-၄ရက်တော့ ကားworkshop မှာ အပ်ရလိမ့်မယ်လို့ ဘေးလူတွေကပြောပါတယ်။ ကျွန်တော်လည်း ဟုတ်နိုးနိုးထင်ခဲ့မိတယ်။

ဒါနဲ့ ပြင်နေကျ workshop သွားပြီး workshop ဆရာကိုပြတော့မှ သူက အောက်ကနေကာ ကျွန်တော့်ကိုစက်နှိုးပြီး လီဗာနင်းခိုင်းတယ်။ ကျွန်တော်နင်းလိုက်တော့ တော်ပြီတော်ပြီဆိုပြီး ရပ်ခိုင်းတယ်။ ဆရာ့ကား ပန့်ကျနေတယ်။ နော်ဇယ်ပန့်ပြင်ရမယ်တဲ့။ ပီစတင်ရိန်း မလဲရဘူးလားမေးတော့ ပီစတင်ရိန်းကြောင့်မဟုတ်ဘူးတဲ့။ ထွက်တဲ့မီးခိုးတွေက အမည်းရောင်ဒီဇယ်ဖြစ်နေတယ်။ ပီစတင်ကြောင့်ဆိုရင် အဖြူရောင်အင်ဂျင်ဝိုင် မီးခိုးထွက်မယ်တဲ့။ ကျွန်တော်ပြောတာပဲလုပ်လိုက်ပါလို့ ပြောတယ်။ ဒါနဲ့ ဒီဇယ်ပန့်ပြင်တဲ့ဆိုင်သွားပြီးပြင်လိုက်တော့ တစ်မနက်နဲ့ မီးခိုးထွက်တာလည်း ပျောက်သွားတယ်။ ကားလည်းမောင်းလို့ကောင်းသွားတယ်။ ကားမှာလည်း ကားရောဂါကို တတ်ကျွမ်းတဲ့ ကားဆရာနဲ့ပြရတယ်။ အပြင်လူတွေပြောစကားနဲ့ စမ်းတဝါးဝါး လုပ်နေလို့မရဘူး။ ဘယ်နေရာမှာမဆို နားလည်တတ်ကျွမ်းတဲ့သူတွေရဲ့ အကြံဉာဏ်အတိုင်း လုပ်သင့်ကြတယ်ဆိုတာ ပြောချင်တာပါ။

တချို့က ရောဂါတစ်ခုခုဖြစ်ရင် ဘေးကဟိုလူပြော ဒီလူပြော ပြောစကားတွေကို ယုံတတ်ကြတယ်။ တချို့က ဘယ်ဆေးစားလိုက်ပါလား၊ဘယ်သူ့တုန်းက ဘယ်လိုပျောက်သွားတယ်ဆိုပြီး ဆေးပါညွှန်းတတ်ကြတယ်။ ဒါနဲ့ပဲ တချို့ရောဂါရင့်မှ သက်ဆိုင်ရာဆရာဝန်ဆီ ရောက်တတ်ကြတယ်။ မျက်စိမှုန်နေတယ်၊ ဝိုးတဝါးဖြစ်နေတယ်ဆိုရင်လည်း အတွင်းတိမ်ဆိုပြီး ခွဲရမယ်ထင်နေကြတယ်။ အတွင်းတိမ် ဟုတ်ချင်မှဟုတ်မယ်။ မျက်စိမှုန်တတ်တဲ့ တခြားရောဂါတွေရှိတယ်။ ခွဲစိတ်တာမဟုတ်ဘဲနဲ့ ဆေးနဲ့ပျောက်အောင်ကုရတဲ့ ရောဂါတွေ ရှိတတ်ကြတယ်။

မျက်စိမှုန်တာမှာ နှစ်မျိုးရှိတယ်။ ဖြုန်းစားကြီး မှုန်သွားသလား၊ တဖြည်းဖြည်းမှုန်သွားလား၊ ကား workshop ဆရာရှင်းပြသလို ရှင်းပြချင်တာ။ ဖြုန်းစားကြီးမှုန်သွားတော့လည်း နှစ်မျိုးရှိပြန်တယ်။ မျက်စိနီကိုက်ပြီး မှုန်သွားတာလား။ နီခြင်း၊ ကိုက်ခြင်းမရှိဘဲ မှုန်သွားတာလားဆိုတာ ရှိပြန်ပါတယ်။ နီကိုက်ပြီးမှုန်သွားရတဲ့ မျက်စိရောဂါတွေကတော့ မျက်ကြည်နာရောဂါ (Corneal Ulear)၊ မျက်စိအတွင်းရောင်ရောဂါ (Uveitis)၊ မျက်စိထောင့်ကျဉ်းရေတိမ်ရောဂါ (Angle Closure Glaucoma) တွေကြောင့်ပဲဖြစ်ပါတယ်။ အဲဒီမှာတစ်ခါ အသက်အရွယ်က စကားပြောပြန်ပါတယ်။ မျက်ကြည်နာနှင့် မျက်စိအတွင်းရောင်ရောဂါတွေက ကလေး၊ လူကြီး၊ ယောကျာ်း၊ မိန်းမ အသက်အရွယ်မရွေးဖြစ်တတ်ပြီး ထောင့်ကျဉ်းရေတိမ်ရောဂါကတော့ အသက်(၄၀)ကျော်၊ (၅၀)ကျော် အရွယ်လောက်မှဖြစ်တတ်ကာ ယောကျာ်းနှင့် မိန်းမဆိုရင် မိန်းမမှာ ပိုဖြစ်တဲ့ရောဂါဖြစ်ပါတယ်။

ဒီရောဂါသုံးမျိုးစလုံးဟာ စောင့်ဆိုင်းနေလို့မရဘဲ မြန်မြန်ကုလေ အမြင်အာရုံပြန်ကောင်းဖို့ များလေပါပဲ။ ဒါကြောင့် ဘေးလူတွေစကား နားယောင်မနေဘဲ တတ်ကျွမ်းသူနဲ့သာ မြန်မြန်ကုဖို့ လိုပါတယ်။ မျက်ကြည်နာရောဂါနဲ့ မျက်စိအတွင်းရောင်ရောဂါဆိုရင် ဆေးနဲ့ပဲကုရတဲ့ရောဂါတွေပါ။ ဆေးမြီးတိုတွေနဲ့ ကုလို့မရပါဘူး။

နီခြင်း၊ကိုက်ခြင်းမရှိဘဲ ဖြုန်းခနဲမှုန်သွားတတ်တဲ့ရောဂါတွေကတော့ မျက်စိရဲ့ အနောက်ခြမ်းမှာ သွေးထွက်တဲ့ရောဂါ (Vitreous Haemorrage)၊ မျက်စိအာရုံကြောမကြီး ရောင်ရမ်းတဲ့ရောဂါ (Optic Neuritis)၊ မျက်စိအာရုံလွှာသွေးလွှတ်ကြောပိတ်တဲ့ရောဂါ (Central Retinal Artery Occlusion)၊ မျက်စိအာရုံလွှာ သွေးပြန်ကြောပိတ်တဲ့ရောဂါ (Central Retinal Vein Occlusion) နဲ့ မျက်စိအာရုံလွှာကွာကျတဲ့ရောဂါ (Retinal Detachment) တို့ကြောင့် ဖြစ်တတ်ပါတယ်။

အဲဒီရောဂါတွေအနက် Vit Hge, CRAO,CRVO ရောဂါတွေကတော့ အသက်(၅၀)ကျော် (၆၀)အထက် လူတွေမှာသာ ဖြစ်တတ်ပြီး သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူတွေမှာ ပိုဖြစ်တတ်ကြပါတယ်။ သွေးတိုးနဲ့ ဆီးချိုရောဂါကို ထိန်းထိန်းသိမ်းသိမ်းမနေသူတွေမှာ ပိုဖြစ်တတ်တာကြောင့် ၎င်းရောဂါရှိသူတွေ အထူးသတိထားအပ်တဲ့ရောဂါ ဖြစ်ပါတယ်။ အဲဒီရောဂါတွေဟာ အများအားဖြင့် ခွဲစိတ်ကုသဖို့မလိုဘဲ ဆေးနဲ့ကုရတဲ့ရောဂါတွေ ဖြစ်ပါတယ်။ နောက်ဆုံးမှသာ လေဆာရောင်ခြည်နဲ့ကုဖို့ လိုချင်လိုတတ်ပါတယ်။ မျက်စိ အာရုံကြောမကြီး ရောင်ရမ်းတဲ့ရောဂါကတော့ လူကြီးလူငယ်မရွေး ဖြစ်တတ်ပြီး ဖြစ်လျှင်ဖြစ်ချင်း ကုနိုင်ရင်ပျောက်ကင်းလွယ်တဲ့ရောဂါ ဖြစ်ပါတယ်။ ဒီရောဂါဟာလည်း ဆေးနဲ့ပဲပျောက်ကင်းအောင် ကုရတဲ့ရောဂါမျိုးပါ။

မျက်စိအာရုံလွှာ ကွာကျတဲ့ရောဂါကတော့ Myopia ခေါ် အဝေးမှုန်ရောဂါရှိသူတွေမှာ ပိုဖြစ်တတ်ပါတယ်။ အနုတ်မျက်မှန် -4.00 နှင့် အထက်တပ်ဆင်ရသူတွေမှာ ဖြစ်တတ်တဲ့ရောဂါဖြစ်ပြီး ဒီလိုအာရုံကြောလွှာ ကွာမကျခင် လျှပ်စီးလက်တာတို့၊ ပူဖောင်းလို အစက်အပြောက်မြင်တာတို့၊ ခန်းဆီးလွှာကွာကျသလို ခံစားရတာတို့ ဖြစ်တတ်ပါတယ်။ ဒါတွေဖြစ်ရင် သက်ဆိုင်ရာမျက်စိဆရာတွေနဲ့ ပြသပြီး အာရုံလွှာကွာကျသည်ထိ မဖြစ်အောင် ကုသမှုခံယူထားဖို့ လိုပါတယ်။ မျက်စိအာရုံလွှာ ကွာကျတာကတော့ စောစောစီးစီး ခွဲစိတ်ကုသမှုခံယူလေ ပိုကောင်းလေဖြစ်တဲ့ ရောဂါမျိုးပါ။

မျက်စိ ဖြုန်းခနဲမှုန်သွားတဲ့ ရောဂါတွေပြီးရင် တဖြည်းဖြည်း မှုန်သွားတဲ့ ရောဂါတွေအကြောင်း ဆက်ပြောပါရစေ။ တဖြည်းဖြည်း မှုန်သွားရတဲ့ မျက်စိရောဂါတွေကတော့-

(၁) အတွင်းတိမ်ရောဂါ၊
(၂) မသိမသာဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်ရောဂါ၊
(၃) တချို့ ပြင်းပြင်းထန်ထန်မဖြစ်တဲ့ ထောင့်ကျဉ်းရေတိမ်ရောဂါ၊
(၄) Myopia ခေါ် အနုတ်မျက်မှန် -4.00 ကျော်ကျော်တပ်ဆင်ရတဲ့ အဝေးမှုန်ရောဂါ၊
(၅) ဆီးချိုနှင့် သွေးတိုးတို့ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်တတ်တဲ့ မျက်စိရောဂါ (Diabetic and Hypertensive Retinopathy)၊
(၆) အသက်အရွယ်ကြီးပြီး အနည်းဆုံး အသက်(၆၀)ကျော်၊ (၇၀) တွေမှာ ဖြစ်တတ်တဲ့ မျက်စိအာရုံကြောလွှာ ပျက်စီးတဲ့ရောဂါ (Age Related Macular Degeneration AR.MD) တို့ကြောင့်ပဲ ဖြစ်ပါတယ်။

အတွင်းတိမ်ရောဂါဟာလည်း ကလေးလူကြီး ဘယ်သူမဆိုဖြစ်တတ်ပြီး အများအားဖြင့်တော့ အနည်းဆုံးအသက် (၆၀)ကျော်အရွယ်မှသာ အဖြစ်များတတ်တာပါ။ ကလေးမှာဆိုရင်တော့ မွေးရာပါ အတွင်းတိမ် မဟုတ်ရင်လည်း ထိခိုက်ဒဏ်ရာ တစ်ခုခု၊ တခြားမျက်စိရောဂါတစ်ခုခုနှင့် ပူးတွဲပြီး ဖြစ်တတ်တဲ့ အတွင်းတိမ်ကို စောနိုင်သမျှစောပြီး ခွဲစိတ်ကုသတာကောင်းတာကြောင့် သက်ဆိုင်ရာ မျက်စိဆရာဝန်နှင့်ပြသပြီး ကုသမှုခံယူကြဖို့လိုပါတယ်။

လူကြီးအတွင်းတိမ်ဆိုရင်လည်း မျက်စိဟာ နီခြင်း၊ ကိုက်ခြင်းမရှိဘဲ နှင်းကျသလို တဖြည်းဖြည်းမှုန်လာပြီး ပုံမှန်တပ်ဆင်တဲ့ မျက်မှန်နဲ့ မတော်ဘဲ ခဏခဏ မျက်မှန်ပြန်စမ်းရတာမျိုး ဖြစ်တတ်ပါတယ်။ ဘယ်အချိန်မှာ ခွဲသင့်တယ်ဆိုတာကတော့ မိမိရဲ့နေ့စဉ်လုပ်ကိုင်နေရတဲ့ အလုပ်တွေကို ပုံမှန်မလုပ်နိုင်အောင် မှုန်နေရင်တော့ သက်ဆိုင်ရာဆရာဝန်နှင့် တိုင်ပင်ပြီး ခွဲစိတ်သင့်ပါတယ်။ အတွင်းတိမ်ဟာ မျက်စိရောဂါတွေထဲမှာ ခွဲစိတ်မှုနဲ့ ပျောက်ကင်းအောင် ဆောင်ရွက်ပေးနိုင်ဆုံးသော ရောဂါဖြစ်ပါတယ်။ ဒါကြောင့်

**အတွင်းတိမ်မှန်ပါက**
**ခွဲစိတ်ကုသရင် ပျောက်မည်ပ၊**
**အတွင်းကြောင့် မျက်စိကွယ်**
**ခွဲစိတ်ကုဖို့ အလွန်လွယ်**
**မှန်ဘီလူးငယ် ထည့်ပါက**
**အမြင်အာရုံ ချက်ချင်းရ**

လို့ ရေးခဲ့ကြတာမဟုတ်လား။ ဒါကြောင့် မျက်စိမှုန်လာပြီဆိုတာနဲ့ စမ်းတဝါးဝါး ဟိုလူပြောတဲ့ ဆေးခတ်၊ ဒီလူပြောတဲ့ဆေးစား လုပ်မနေကြဘဲ သက်ဆိုင်ရာ ပညာရှင်တွေနဲ့သာပြသပြီး တိကျတဲ့ကုသမှုကို ခံယူကြပါလို့ တိုက်တွန်းလိုပါတယ်။

မသိမသာဖြစ်တတ်တဲ့ ထောင့်ကျယ်ရေတိမ်ဆိုရင်လည်း နီခြင်း၊ ကိုက်ခြင်းအလျှင်းမရှိဘဲ မြင်ကွင်းကျဉ်းလာတာပဲရှိတယ်။ တချို့သတိထားတဲ့လူတွေကတော့ အရိပ်တစ်ခုကွယ်နေတယ်။ မြင်ကွင်းကျဉ်းလာတယ်။ ကြည့်မကောင်းဘူး။ မျက်မှန် ခဏခဏပြန်စမ်းချင်တယ်။ အလင်းထဲကနေ အမှောင်ထဲတွင် သွားလိုက်ရင်လည်း တော်တော်နဲ့ပြန်မမြင်ချင်ဘူး။ သာမန်လူတွေထက် ကြာတတ်တယ်။ အသက်(၅၀)ကျော်၊ (၆၀)ကျော် အရွယ်တွေမှာ ဖြစ်တတ်တာမို့ အဲဒီအရွယ်ရောက်ရင် သတိထားဖို့လိုတယ်။ လက္ခဏာအပြ နည်းပြီး မသိမသာဖြစ်နေတတ်တဲ့ရောဂါမို့ ဆရာဝန်နဲ့ ပြကြည့်ဖို့လိုတယ်။

နောက်ရောဂါတစ်မျိုးဖြစ်တဲ့ ပြင်းပြင်းထန်ထန်မဖြစ်တဲ့ ထောင့်ကျဉ်းရေတိမ်ရောဂါမျိုး ဒါမှမဟုတ် ထောင့်ကျဉ်းရေတိမ်ကို လေဆာနှင့် အပေါက်ဖောက်ပြီးကုထားတဲ့ လူမျိုးကျတော့ မျက်စိအနည်းအပါးကိုက်တာ၊ အောင့်တာလေးလောက်ပဲ ဖြစ်တတ်တယ်။ မသိမသာလေးပဲ၊ ဒီလိုနဲ့ တဖြည်းဖြည်း ရေဖိအားကြောင့် အာရုံကြောသေလာပြီး မျက်စိမှုန်လာတတ်တယ်။ ဒါပေမယ့် တစ်ဖက်မျက်စိကကောင်းနေတော့ သတိမထားတတ်ကြဘူး။

နောက်ရောဂါတစ်မျိုးဖြစ်တဲ့ ဆီးချိုနှင့် သွေးချိုကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ မျက်စိရောဂါမျိုးကတော့ ဆီးချို၊ သွေးတိုးရှိသူတွေ သတိထားရမယ့် ရောဂါပါ။ သွေးတိုးရှိတယ်၊ ဆီးချိုရှိတယ်လို့ သိလိုက်တာနဲ့ မျက်စိဟာ တစ်နေ့နေ့ အန္တရာယ်ပေးနိုင်တယ်ဆိုတာ အသိရှိဖို့ လိုပါတယ်။ သွေးတိုးအများကြီး ဖြုန်းခနဲမတက်ဖို့၊ ဆီးချိုအများကြီးမတက်ဖို့ သတိထားရပါမယ်။

ဒီရောဂါနှစ်မျိုးစလုံးဟာ ကြာလေ မျက်စိကိုဒုက္ခပေးလေ ဖြစ်တတ်တာမို့ တတ်နိုင်သမျှ ရောဂါမပြင်းထန်အောင် ထိန်းထိန်းသိမ်းသိမ်းနေတာဟာ မျက်စိကို စောင့်ရှောက်တာပဲလို့ မှတ်ယူထားဖို့လိုပါတယ်။ နောက်ရောဂါတစ်ခုဖြစ်တဲ့ အသက်အရွယ်ကြီးရင့်လို့ မျက်စိမှုန်တဲ့ရောဂါ (ARMD) ကတော့ အသက်(၆၀)ကျော်၊ (၇၀)တွေမှာ ဖြစ်တတ်ပြီး တည့်တည့်ကြည့်ရတဲ့ အမြင်၊ စာဖတ်ခြင်း၊ အနီးကြည့်ခြင်းတို့ မှုန်သွားတတ်ပြီး ဘာမဆို ကြည့်လိုက်တိုင်း ဝိုးတဝါးသာမြင်ရတတ်ပါတယ်။ လေဆာရောင်ခြည်တို့၊ စားဆေးတို့၊ မျက်စိအထဲထိုးတဲ့ဆေး (Macuigen Avastin) တို့ပေါ်နေပေမယ့် နည်းနည်းသက်သာရုံပဲရှိပြီး ပျောက်ကင်းအောင် မကုနိုင်သေးပါဘူး။ Stem Cell နဲ့ အစားထိုးကုသဖို့ ကြိုးစားနေပါတယ်။

မျက်စိရောဂါပဲဖြစ်ဖြစ်၊ ဘာရောဂါပဲဖြစ်ဖြစ် တစ်ခုခုသံသယဖြစ်လာရင် စမ်းတဝါးဝါးဖြစ်ကာ ဘေးပြောတဲ့စကားတွေ နားထောင်ပြီး လုပ်ကြည့်နေမယ့်အစား တတ်ကျွမ်းနားလည်သူတွေရဲ့ လမ်းညွှန်မှုအတိုင်းသာ လိုက်နာလုပ်ဆောင်ကြရင် ဘေးဥပဒ်ဖြစ်လာမယ့်အန္တရာယ်က လွယ်လွယ်ကူကူ လွတ်မြောက်နိုင်ကြမယ်ဆိုတာ ဗဟုသုတ ဝေမျှရင်း အသိပေးရေးသားတင်ပြလိုက်ရပါတယ်။ ။

# ချေပဂိုးကြောင့် တစ်မှတ်ရခဲ့တဲ့ ဧယာဝတီ(ဧယျာရွှေမြေ)

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ≺

**ရန်ကုန် စက်တင်ဘာ ၅**

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၅) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ တောင်ကြီးမြို့ရှိ ကမ္ဘောဇကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဥဿာယူနိုက်တက် အနိုင်ရပြီး ဧယျာရွှေမြေနဲ့ ဆောက်သမ်းတို့ သရေကျသွားပါတယ်။

(သုဝဏ္ဏကွင်း)

**ဆောက်သမ်းမြန်မာ - နှစ်ဂိုး**
**ဧယျာရွှေမြေ - နှစ်ဂိုး**

ဆောက်သမ်းအသင်းရဲ့ ခြေစွမ်းပြကစားမှုကြောင့် ဧယျာရွှေမြေအသင်းဟာ ခက်ခက်ခဲခဲ ကစားသွားရပြီး နောက်ကျချေပဂိုးကြောင့်သာ ရှုံးပွဲ မကြုံတွေ့ခဲ့ရတာပါ။

**သွင်းယူ**

ကင်မ်ဝေါလ်ဒန် လက်ထက်မှာ တိုးတက်မှုတွေရှိနေတဲ့ ဆောက်သမ်း



ဧယျာရွှေမြေမှ ဗစ်တာ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်စဉ်။

အသင်းဟာ အခုပွဲမှာလည်း ဒဏ်ရာပြဿနာတွေရှိနေတဲ့ကြားက အကောင်းဆုံး ပုံစံရအောင် စွမ်းဆောင်ပြသွားပါတယ်။ အခုပွဲမှာလည်း ပွဲစကတည်းက ဧယျာရွှေမြေဘက်ကို ဖိအားပေးနိုင်ခဲ့ပြီး ၁၄မိနစ်မှာ အောင်ရဲထွဋ်က ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပါတယ်။

**ဒုတိယဂိုး**

ပထမပိုင်းတစ်ပိုင်းလုံး ကစားကွက်ပျက်နေတဲ့ ဧယျာရွှေမြေအသင်းဟာ ရာဇာဝင်းသိန်းဝင်လာမှ ဒုတိယပိုင်းမှာ ကစားပုံ ပြန်ကောင်းလာခဲ့ပါတယ်။ ၅၅ မိနစ်မှာ ကျော်ဇင်ဝင်းက ချေပဂိုး ပြန်သွင်းခဲ့ပေမယ့် ဆောက်သမ်းအသင်းရဲ့ နောက်တစ်ကြိမ် ဦးဆောင်ခြင်းကို ဧယျာရွှေမြေတို့ခံခဲ့ရပါတယ်။ လူစားဝင်လာတဲ့ ပရင့်ဇ်က ၈၄မိနစ်မှာ ဆောက်သမ်းအသင်းအတွက် ဒုတိယဂိုး ထပ်သွင်းခဲ့ပြီး ဂိုးသွင်းအပြီးမှာ နှစ်ဝါတစ်နီနဲ့ အထုတ်ခံရလို့ ဧယျာရွှေမြေ ကံကောင်းသွားခဲ့ရပါတယ်။ တစ်ယောက်အသာရထားတဲ့ ဧယျာရွှေမြေအသင်းဟာ တိုက်စစ်ဖွင့်ကစားပြီး ပွဲပြီးခါနီးမှာ ရာဇာဝင်းသိန်းက ချေပဂိုး ပြန်သွင်းခဲ့ပါတယ်။

(ကမ္ဘောဇကွင်း)

**ဥဿာယူနိုက်တက် - သုံးဂိုး**
**မကွေး - နှစ်ဂိုး**

အကောင်းဆုံးပုံစံရလာတဲ့ ဥဿာအသင်းခြေစွမ်းပြကစားခဲ့ပြီး ၁၆မိနစ်နဲ့ ၆၁မိနစ်မှာ လစ်ပီလစ်ပီက နှစ်ဂိုးနဲ့ အနိုင်ဂိုးကို ၆၆မိနစ်မှာ မိုင်းအိုက်နိုင်က သွင်းယူခဲ့ပါတယ်။ မကွေးအသင်းအတွက် တိုက်စစ်မှူး ခိုင်ဇော်ထွန်းက ၁၈မိနစ်နဲ့ ၅၂မိနစ်မှာ နှစ်ဂိုးသွင်းယူခဲ့ပေမယ့် အဆုံးသတ်အားနည်းလို့ နှစ်ပွဲဆက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာပါ။

(မြန်မာ့အလင်း)

**၈-၉-၂၀၁၀**

**(MFF Max Cement Cup ရှုံးထွက်ပြိုင်ပွဲ)**

(သုဝဏ္ဏကွင်း)

ဆောက်သမ်းမြန်မာ-ရန်ကုန်ယူနိုက်တက်

(အောင်ဆန်းကွင်း)

ရတနာပူရ-ကမ္ဘောဇ

# ပြည်တွင်း ပြည်ပ ဟိုတယ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများ အတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ်အသစ်ကို စက်တင်ဘာလ တတိယပတ်အတွင်းStar Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသော F&B Service (Waiter / Waitress), Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် စက်တင်ဘာလ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**အလိမ္မာ စာမှာရှိ**

## နိုင်ငံတော် ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

- ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ တောင်စွန်းမြို့၊ ခမည်းတော်ဦးဘိုးရင်၊ မယ်တော် ဒေါ်လှအေးတို့မှ ၁၂၇၈ခုနှစ် ပြာသိုလဆန်း ၄ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

- ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိပြီး ၁၂၉၇ခုနှစ် တန်ခူးလတွင် ဘဏ္ဍာကျောင်းဆရာတော် ဦးဝိသာရဒကို ဥပဇ္ဈာယ်ပြု၍ ယင်းခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

- ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ စင်ကာပူကျောင်းတိုက် ဆရာတော်ကြီးများထံတွင် စာချတန်းဆိုင်ရာ ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်သင်ယူ ဆည်းပူးတော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

- ဆရာတော်သည် ပုဇွန်တောင်မြို့နယ်၊ စင်ကာပူကျောင်းတိုက်တွင် ပရိယတ္တိ စာပေများကို ၁၃၀၉ခုနှစ်မှစ၍ ပို့ချခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သုတ္တန္တပိဋကတ် သုတ်ပါထေယျပါဠိတော် သံဂီတိသုတ်ကို အာဂုံဘဏကအဖြစ်လည်းကောင်း၊ သံဂီတိကာရကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဗုဒ္ဓသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

- ဆရာတော်ဘုရားကြီးသည် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၇၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက် (၄-၉-၂၀၁၀ရက်) စနေနေ့ နံနက် ၈နာရီအချိန်တွင် ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော် ဩဝါဒါစရိယ စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဆရာတော်ဘုရားကြီးသည် ၁၃၇၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ခုနှစ် စက်တင်ဘာ၄ရက် (စနေနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၇-၉-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇:၀၅ တရားတော် (ဝဋ္ဋသုတ်+ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင်(မေတ္တာတရား)
၈:၄၀ တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးထမင်းချဉ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (ယုဇန)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် Current Song တေးပဒေသာ
၁၂:၄၀ ပြုံးပဒေသာ (ဒီအပူ-၂)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ပဋ္ဌမတန်း-ဘဝတွက်တာ ကျွမ်းကျင်စရာ) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာအလှကမ္ဘာ (သွေးအမျိုးအစားအလိုက် Diet လုပ်နည်း)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ် (၅၆)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလှူမိတ်ဆွေ
၁။ သုံးပုံစကား သိမှတ်ဖွယ်ရာ တေးပဒေသာများ-၁ (ဆရာတော်အရှင်ဝါယမ)
၂။ သိရန် မှတ်ရန် လေ့လာရန် နဝမတွဲ(ဆရာဦးသိန်းလွင်)
၁၈:၄၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ဝေဒနာသံစဉ်ရိုင်းများ)
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး (သူနဲ့သာဆိုရင်-စိုးစန္ဒာထွန်း) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

## အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်



ရန်ကုန် စက်တင်ဘာ ၅

**၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့်ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်ကြီးအောင် အားကစားခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယက သုဓမ္မမဏိဇောတ ရေသီဟသုဓမ္မမဏိဇောတရေ ဒေါက်တာ ဦးဘိုကြီး (လူမှုထူးချွန်တတိယဆင့်) (ရုပ်ပျို တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု)၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး သူရဦးအေးမြင့်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးက အားကစားဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်သိန်း၈၀ကို ပေးအပ်ရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က လက်ခံယူသည်။

**သရုပ်ပြ ခတ်ကစား**

ယင်းနောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများက သရုပ်ပြခတ်ကစားကြပြီးနောက် ပြိုင်ပွဲကို စတင်ကျင်းပသည်။

**ကျင်းပသွားမည်**

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ၄ရက်မှ စက်တင်ဘာ ၆ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနကိုယ်စားပြု အသင်း သုံးသင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြုအသင်း ရှစ်သင်းနှင့် ကလပ်အသင်း ၂၂သင်း စုစုပေါင်းအသင်း ၃၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် တံခွန်စိုက်တန်း၊ အမျိုးသား၁၀ပေါက်တန်းပြိုင်ပွဲ၊ ရုပ်ပျိုဖလားပြိုင်ပွဲအနေဖြင့် တံခွန်စိုက်တန်း အမျိုးသားအလှခတ်ပြိုင်ပွဲ၊ အမျိုးသား လေးပေါက်တန်းပြိုင်ပွဲနှင့် အမျိုးသား အလှခတ်၊ အမျိုးသမီးအလှခတ်ပြိုင်ပွဲများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၁၀ (တနင်္လာနေ့ )

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၉)
၈:၄၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌဦးခင်လှိုင်နှင့်တွေ့ဆုံခြင်း)(အပိုင်း-၁)
၈:၅၀ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှစက်မှု(၁)၏ ကြွေပြားအလှ
၉:၁၀ ဒရမ်တီးခတ်နည်း… (အခြေခံမှ အဆင့်မြင့်)
၉:၂၀ Activities in the City နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့်ပညာရည်ချွန် ဆုပေးပွဲ
၉:၃၅ ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroacan အကြောင်း သိကောင်းစရာ)
၁၀:၀၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) (စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀)
၁၀:၂၀ The Champion of Dance
၁၁:၀၀ Celebrity Choice (ဂန္ထဝင်)
၁၁:၃၀ **ထီးကလေး** ခန့်စည်သူ၊ထက်ထက်မိုးဦး၊ (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
၁:၀၀ ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်
၂:၀၀ MRTV-4 သတင်း
၂:၂၀ သူတို့ဘဝ သူတို့ဟာသ (ဦးစိန်ရိုး)
၂:၅၅ FMF Selection
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၅)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၉)
၄:၄၀ မိုးအလှပန်းချီတေးကိုသီ
၄:၅၀ ဒေဝင်၏ရေကုထုံး
၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Sunday Talk
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၆)
၇:၁၅ ဗီဒီယိုပြခန်း
၇:၃၀ အနုပညာမိုးကောင်းကင်
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ကိုယ်ပိုင်ကားရှိတာကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၀)
၁၀:၁၀ **ပေးဆပ်ခြင်းသည်** လူမင်း၊ ထက်ထက်မိုးဦး၊ (ဒါရိုက်တာ-ကျော်ဇောလင်း၏ အတွေးပုံရိပ်)
၁၁:၄၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌဦးခင်လှိုင်နှင့်တွေ့ဆုံခြင်း)(အပိုင်း-၁)
၁၁:၅၀ ဈေးဝယ်လမ်းညွှန် (RICHY Fashion Square)
၁၂:၂၀ နည်းပညာသစ်ဆန်း MSP အစွမ်း
၁၂:၃၅ စာအုပ်ပြခန်း (အလက်ဝတ်ရည်မဂ္ဂဇင်း)
၁၂:၅၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှစက်မှု(၁)၏ ကြွေပြားအလှ
၁:၁၅ International Show Biz
၁:၃၀ ဒရမ်တီးခတ်နည်း… (အခြေခံမှ အဆင့်မြင့်)
၁:၄၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) (စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀)
၂:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
၂:၂၅ Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
၂:၄၅ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
၂:၅၅ ဂုံညင်းတန်းတံတား
၃:၀၀ **ဖြတ်လျှောက်ရုံလေးပဲလျှောက်ဖြစ်တော့မှာပါ** မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင် [ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)]
၃:၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၃:၁၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၃:၃၀ Activities in the City နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း) ဆက်ကပ်ပွဲနှင့်ပညာရည်ချွန် ဆုပေးပွဲ
၃:၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**အမှာစကား**

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမှာစကားပြောကြားပြီး သင်တန်းတွင် စံပြဆုနှင့် ဖွဲ့လုံ့လဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တိုင်းမှူးဖလား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၅**

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက် ညနေပိုင်းက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များတက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသည့် အသင်းအား တံခွန်စိုက်ဖလား ပေးအပ်စဉ်။** (သတင်းစဉ်)

## ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ တာဝန်ရှိသူများက တတိယဆုရအသင်း၊ ဒုတိယဆုရအသင်းနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရအသင်းအား တံခွန်စိုက်ဖလားပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

## အလွယ်တကူသွားလာနိုင်

အင်္ဂပူမြို့ဟာ အရှေ့ဘက်မှာ ပဲခူးတိုင်းဒေသကြီး မိုးညိုနဲ့ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်မှာ ရခိုင်ပြည်နယ် ဂွမြို့နယ်၊ တောင်ဘက်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နဲ့ လေးမျက်နှာမြို့နယ်၊ မြောက်ဘက်မှာ မြန်အောင်မြို့နယ်တို့နဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းတို့ဖြင့် အလွယ်တကူ သွားလာနိုင်ပြီဖြစ်လို့ အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ရှေးယခင်က အင်္ဂပူရ၊ အုဂ်ဖို၊ အင်္ဂပူဆိုပြီး အမည်သုံးမျိုးရှိခဲ့ကြောင်း၊ ကောဇာသက္ကရာဇ် ၂၃၇ခုနှစ်မှာ သမုဒ္ဒဃောသမင်းနဲ့ ဥက္ကလာပမင်းကြီးရဲ့ သမီးတော် ဥမ္မာဒန္တီတို့ ပုသိမ် ၃၂မြို့ကို တည်ထောင်စဉ်က အင်္ဂပူရမြို့အမည်ဖြင့် တစ်မြို့အပါအဝင်ဖြစ်ကြောင်း၊ သမုဒ္ဒဃောသမင်းကြီးရဲ့ သားတော် အင်္ဂပိုရ်မင်းသားကို အပိုင်စားပေး အုပ်ချုပ်စေခဲ့ရာမှ မင်းသားအမည်ကိုအစွဲပြုပြီး အင်္ဂပူရမြို့ဟု အမည်တွင်ခဲ့ကြောင်း၊ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားက အင်္ဂပူရ တိုက်နယ်အဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွဲ့စည်းပြီး စိတ္တဗိုလ်မင်းအား တိုက်သူကြီး ရာထူးအပ်နှင်းခဲ့ကြောင်း၊ ၁၁၁၉ ခုနှစ်မှာ အင်္ဂပူရမြို့ရှိ ရွှေဆံတော်စေတီကို ထပ်မံပြုပြင်မွမ်းမံရန် အုဂ်ဖိုအများအပြား ပြုလုပ်ရာမှ အင်္ဂပူရအမည်ပျောက်ပြီး အုဂ်ဖိုမြို့တွင်ခဲ့ကြောင်း။

## ခေါ်တွင်

ကိုလိုနီနယ်ချဲ့ လက်အောက်မှာတော့ လက်ပံတန်း-ပြည် ရထားလမ်းပေါ်ရှိ အုတ်ဖိုမြို့နဲ့ အမည်ကွဲလွဲစေရန် မူလ အင်္ဂပူရမြို့အမည်မှ အင်္ဂပူမြို့အဖြစ် ယနေ့တိုင်ခေါ်တွင်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။

ယခုမျက်မှောက်ခေတ်သစ် အင်္ဂပူမြို့ရဲ့သမိုင်းကို ခြယ်မှုန်းပြရရင်တော့ ကဏ္ဍအလိုက် မကြုံစဖူး ဖွံ့ဖြိုးတိုးတက်လာမှုကိုပဲ မီးမောင်းထိုးပြရပါလိမ့်မယ်။

## အစီအရီပေါ်ထွန်း

အင်္ဂပူမြို့ရဲ့ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်မှုကတော့ "တစ်နှစ်အတွက် ကြံရွယ်ခြင်းဖြစ်လျှင် မျိုးစေ့စိုက်ပါ၊ ဆယ်နှစ်အတွက် ကြံရွယ်ခြင်းဖြစ်လျှင် သစ်ပင်စိုက်ပါ၊ အနှစ်တစ်ရာအတွက် ကြံရွယ်ခြင်းဖြစ်လျှင် စာသင်ကျောင်းဆောက်ပါ" ဆိုတဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် လက်ကမ်းစာစောင်လေးအတွင်းက ဆောင်ပုဒ်စာချိုးအတိုင်း ဒေသအတွင်းမှာ မြောက်မြားစွာသော အခြေခံပညာကျောင်းများ အစီအရီ ပေါ်ထွန်းလာခဲ့မှုပါပဲ။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးရဲ့ ကြီးကြပ် စီစဉ်ပံ့ပိုးမှုနဲ့ မြို့နယ်အတွင်းမှာ ဥပဓိရုပ်ကောင်းမွန်သော အခြေခံပညာကျောင်းပေါင်း မြောက်မြားစွာကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

## မွမ်းမံပြင်ဆင်

မှတ်တမ်းမှတ်ရာများအရ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ၁၉၉၈ခုနှစ်မှ ယခု ၂၀၁၀ ခုနှစ် မေ ၁၇ရက်အထိ တစ်မြို့နယ်လုံးမှာ ကျောင်းဆောင်သစ်ပေါင်း ၁၁၃ကျောင်း ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၁၃၈ကျောင်းကိုတော့ ဥပဓိရုပ် ကောင်းမွန်ရေးအတွက် မွမ်းမံပြင်ဆင်ပေးခဲ့ပါတယ်။

ကုန်ကျစရိတ် တန်ဖိုးအားဖြင့်လည်း မနည်းလှပါဘူး။ ကျောင်းဆောင်သစ် ၁၁၃ကျောင်းအတွက် ငွေကျပ် သိန်းပေါင်း ၁၈၆၀၀နဲ့ မွမ်းမံပြင်ဆင်ပေးတဲ့ကျောင်း ၁၃၈ကျောင်းအတွက် ငွေကျပ် သိန်းပေါင်း ၅၂၆၀ ရှိခဲ့ပါတယ်။

ဒါ့အပြင် ကျောင်းသား ကျောင်းသူ ၄၆ဦးအတွက် ပညာသင်ဆုအဖြစ် ငွေကျပ် ၂၀၇သိန်းကိုလည်း ထောက်ပံ့ပေးခဲ့ပါသေးတယ်။

## မွေးထုတ်ပေး

အဆိုပါ ကျောင်းများကနေ နိုင်ငံ့သားကောင်းရတနာများ၊ နောင်တစ်ခေတ်၏ အောင်စစ်သည်များ၊ နိုင်ငံတော်ကအားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်း မြောက်မြားစွာကို မွေးထုတ်ပေးဦးမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

အင်္ဂပူမြို့မှာ သုံးညတိုင်တိုင် အိပ်ခဲ့ရတဲ့အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ် တွေ့မြင်လေ့လာခွင့်ရခဲ့တာလည်း ကျေနပ်စရာပါ။

မြို့ပြင်ဘက်ကို လှမ်းမျှော်ကြည့်မယ်ဆိုရင် လမ်းဘေးဝဲယာတစ်လျှောက်မှာ ညီညီညာညာ စိုက်ပျိုးထားတဲ့ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများနဲ့ မြစိမ်းရောင် စပါးခင်းကြီးများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရမှာဖြစ်ပါတယ်။ နှစ်စဉ် မိုးစပါးဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။

မြို့လယ်မှာတော့ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဇနီး ဒေါ်ခင်ငွေးမြင့် မိသားစုတို့ရဲ့ ကြီးကြပ်စီစဉ်ပံ့ပိုးမှုဖြင့်၊ အလှူရှင်များ၏ကောင်းမှုဖြင့် မြို့နယ်လုံးဆိုင်ရာ ဘာသာရေးအခမ်းအနားပေါင်းများစွာကို ဝှဲချီးခမ်းနားစွာကျင်းပနိုင်မယ့် သာသနာ့ဗိမာန်တော်ကြီးကို ဗိသုကာလက်ရာအပြည့်ဖြင့် တွေ့မြင်ရတာကလည်း နတ်လူ သာခုခေါ်ဆိုချင်စရာပါ။ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၁ရက်က ဖွင့်လှစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ငွေကျပ် သိန်းပေါင်း ၂၈၀၀ဖြစ်ပါတယ်။

## ဖွင့်လှစ်

၂၀၁၀ခုနှစ် မတ် ၇ရက်က ဖွင့်လှစ်ခဲ့တဲ့ မြို့နယ် e-Library စာကြည့်တိုက်ကလည်း ဒေသခံပြည်သူများရဲ့ အသိပညာဗဟုသုတ ပိုမိုတိုးတက်မြင့်မားရေးကို အထောက်အကူပြုပေးနိုင်သလို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ဖွင့်လှစ်နိုင်ခဲ့တဲ့ နှစ်ထပ်ဆောင် မြို့နယ်ပြည်သူ့ဆေးရုံကလည်း ဒေသခံများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်ရဲ့ ကြီးကြပ်စီစဉ်မှု၊ စေတနာရှင်၊ အလှူရှင်များရဲ့ လှူဒါန်းမှုတို့ဖြင့် အင်္ဂပူမြို့နယ်တစ်ခွင်လုံးမှာ အခြေခံအဆောက်အအုံများဟာ ကဏ္ဍအလိုက် လက်ညှိုးထိုးမလွဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါပြီ။

ပံ့ပိုးကုန်ကျငွေ တန်ဖိုးစာရင်းကို သို့ကလို တွက်ချက်နိုင်ပေမယ့် စေတနာရှင် အလှူရှင်များရဲ့ ကြီးမားတဲ့ စေတနာမေတ္တာကိုတော့ တွက်ချက်နိုင်ဖို့ မလွယ်ကူပါဘူး။ ယခုတိုင်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေဆဲပါ။



**သာသနာ့ဗိမာန်တော်**

**အင်္ဂပူမြို့ရှိ သာသနာ့ဗိမာန်တော်ကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။**

မှတ်တမ်းမှတ်ရာများအရ ၁၉၉၈ ခုနှစ်မှ ၂၀၁၀ခုနှစ် မေလ ၁၇ရက်အထိ ထူးကြီး၊ မဲဇလီကုန်း၊ ကွင်းကောက်၊ မြစ်ကျိုးတိုက်နယ်ဒေသများ အပါအဝင် အင်္ဂပူမြို့နယ် တစ်မြို့နယ်လုံးမှာ ကျောင်းဆောင်သစ်ပေါင်း ၁၁၃ ကျောင်း၊ ပြင်ဆင်မွမ်းမံသည့် ကျောင်းပေါင်း ၁၃၈ကျောင်း၊ ဆောက်လုပ်ပြီးဆေးရုံ လေးရုံနှင့် ပြင်ဆင်မွမ်းမံပြီးဆေးရုံဆေးခန်းပေါင်း ခုနစ်ခု၊ ဆေးပဒေသာပင် ၁၄ခု၊ ပေ ၁၈၀အထက် တံတား ငါးစင်း၊ ပေ ၁၈၀အောက် တံတား ၄၁၈စင်း၊ ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၄၆ဦး၊ လမ်း ၁၂လမ်း၊ အခြေခံပညာမူလတန်းကျောင်း၏ နှစ်ခန်းတွဲ ရေလောင်းအိမ်သာ အလုံး ၉၀၊ မီးသတ်ယာဉ် သုံးစီး၊ မီးသဂြိုဟ်စက် တစ်ခု၊ သာသနာ့ဗိမာန် တစ်ခု၊ စာကြည့်တိုက် ၁၃ခု၊ အဝီစိတွင်း ၈၆တွင်း၊ မြို့တော်ခန်းမ နှစ်ခု၊ လယ်ဦးစုရေဝါရေကာတာ၊ သက္ကယ်ပြင် (သံ) လယ်သမားတာ နှစ်ခု၊ သမိုင်းဝင် စေတီတော် ရှစ်ဆူရှိ ထီးတော်၊ ၄က်မြတ်နားတော်၊ စိန်ဖူးတော်များ အသစ်ပြန်လည် တင်လှူပူဇော်ခြင်း၊ ဘာသာရေးလုပ်ငန်းများ ဘုန်းကြီးကျောင်းနှင့် သိမ်ကျောင်းဆောက်လုပ်မှု ၄၂ကြိမ်နဲ့ စက္ခုဒါန အလှူတော် တစ်ကြိမ်အပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများရဲ့ စာရင်းချုပ် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၅၁၀၁၈အထိ ပံ့ပိုးခဲ့ကြောင်း သိရပါတယ်။

'ယောမြို့က ပြန်ခဲ့တယ်။ ဆေးဝါးလည်း သူနားမလည်'လို့ ဆိုကြပေမယ့် အင်္ဂပူမြို့က ပြန်ခဲ့တဲ့အခိုက်မှာတော့ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှု အဝဝကို ဂဃနဏ သိရှိနားလည်ခွင့်ရခဲ့ပါတယ်။

## ဒွန်တွဲဖြစ်ပေါ်

အကြောင်းတရားနဲ့ အကျိုးတရားတို့ရဲ့ ဒွန်တွဲဖြစ်ပေါ်မှုအရ တစ်ချိန်က အင်္ဂပူရမြို့အမည်ရခဲ့တဲ့ အင်္ဂပူမြို့ဟာလည်း မျက်မှောက်ကာလ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့မှု အကြောင်းတရားကိုမှီပြီး အနာဂတ်မှာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမှာအမှန်ပါပဲ။

သို့ကလိုကြောင့် ထူးကြီး၊ မဲဇလီကုန်း၊ ကွင်းကောက်၊ မြစ်ကျိုးတိုက်နယ်ဒေသ အပါအဝင် အင်္ဂပူမြို့နယ် တစ်မြို့နယ်လုံးကလည်း ကြည်နူးဝမ်းမြောက်နေကြပါတယ်။ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးနဲ့ စေတနာရှင် အလှူရှင်တို့အပေါ်လည်း အထူးကျေးဇူးတင်လျက် ရှိနေကြပါတယ်။

ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ကမ်းစာစောင်အတွင်းက "ထူးကြီးမြို့သား၊ စကားမကြွယ်၊ ဖွယ်ဖွယ်ရာရာ၊ မဆိုပါလည်း၊ ရင်တွင်းပီတိ၊ ဂွမ်းဆီထိသို့၊ သူ၏ကျေးဇူး ရှိခဲ့ဖူးပြီ" ဟူသည့် 'ပီတိ' အမည်ရ ကဗျာတိုလေးက သက်သေပြုလျက်ရှိကြောင်းပါ။ ။

**(မြန်မာ့အလင်း)**



**ဒေသခံတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်ပေးလျက်ရှိသော အင်္ဂပူမြို့ မြို့နယ်ပြည်သူ့ဆေးရုံ။**





စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာလမ်း မြောက်ယမားချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အီလက်ထရွန်နစ်လူသုံးကုန်ပစ္စည်းများ အရောင်းပြပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်ဖွင့်လှစ်ပေး မြောက်ယမားချောင်းတံတား ဆောက်လုပ်မှု စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၂ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ် လူသုံးကုန်ပစ္စည်းများ အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က အရောင်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်များသည် အရောင်းပြပွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ယင်းမာပင်မြို့နယ် အောင်ဇေယျ အိမ်ရာ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားပြီး စစ်မှုထမ်းဟောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆောက်လုပ်ပြီး အိမ်ရာများအား ကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ခြင်း စီမံကိန်း (စစ်ကိုင်းတိုင်းဒေသကြီး) အပိုင်းသို့ရောက်ရှိပြီး စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ယင်းမာပင်မြို့နယ် ပုသိမ်-မုံရွာလမ်း မြောက်ယမားချောင်း တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တံတား ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

## ကြည့်ရှုစစ်ဆေး

ယင်းနောက် RBE အထူးရထားဖြင့် ဆက်လက်ထွက်ခွာပြီး သဲတောဘူတာနှင့် ဟံဇာဘူတာအကြား မိုင်တိုင်အမှတ် (၃၂၁/၆)နှင့် (၃၂၁/၁၅)အကြား၌ ရေတိုက်စား၍ ရထားလမ်းပျက်စီးမှုအား မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ သံလမ်းလုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့သည် သဲတောဘူတာနှင့် စမုံဘူတာအကြား မိုင်တိုင်အမှတ် (၃၂၆/၁၇)နှင့် (၃၂၆/၁၈) အကြားတွင် ရေတိုက်စား၍ ပျက်စီးနေသည့်နေရာများအား ကျောက်ဖြည့်ခြင်းနှင့် သဲအိတ်များခင်းခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ တံတားအမှတ်(၁၇၇)၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။





ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပုံမှန်ပြေးဆွဲ

အဆိုပါ ပျက်စီးမှုသည် ဩဂုတ် ၂၅ရက်နှင့် စက်တင်ဘာ ၃ရက်တို့တွင် ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် ရထားလမ်းကို ရေတိုက်စားပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်လျက်ရှိပြီး ခရီးသည်များ လုံခြုံစိတ်ချစွာဖြင့် ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ရထားသွားလာမှုအား ရပ်တန့်မှုမရှိဘဲ ခရီးစဉ်များကို ပုံမှန်ပြေးဆွဲလျက်ရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၆-၉-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်) |
| ၇:၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချို့အေးမင်္ဂလာတေး |
| ၈:၀၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၂၀ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၃၀ | ၈။ | "အားကိုးအားထား" |
| ၈:၄၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | တေးဂီတအစီအစဉ် |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၀ | ၂။ | အကပဒေသာ |
| ၄:၂၀ | ၃။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၄:၃၀ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၄:၃၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာ၊ မြန်မာ့မှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်အထူးပြုများ) (သမိုင်း) |
| ၄:၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄:၅၅ | ၇။ | မြန်မာစာ၊ မြန်မာစကား |
| ၅:၀၅ | ၈။ | မြစ်အားလုံးဆုံရာ မဟာသမုဒ္ဒရာ (ယဉ်ကျေးမှုတက္ကသိုလ်) |
| ၅:၃၀ | ၉။ | မြန်မာတေးသံရှင်ရွေးချယ်ပွဲ |
| ၆:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆:၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ၁၂။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇:၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၄) |
| ၈:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | တို့အိမ်ကလေး နေရဲမာန် (တေးရေး-Ovation) |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၄) |
| | ၁၉။ | သုခမရင်ပြင် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# တရုတ်နိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား အထွေထွေဗျူရို၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရေးရာဌာနမှ ဒါရိုက်တာ Mr. Yan Chengsheng ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

## ဖူးမြော်ကြည်ညို

ထို့နောက် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၃ရက်တွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြပြီး နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြကာ ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## ကြည့်ရှုလေ့လာ

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် အသံလွှင့်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား အထွေထွေဗျူရို၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရေးရာဌာနမှ ဒါရိုက်တာ Mr. Yan Chengsheng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၃၆) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ မဂ္ဂဇင်းတွင် သိပ္ပံစိုးမြင့်နိုင်၊ သူရဇော်၊ နောင်၊ ပျဉ်းမနားမြင့်လှိုင်၊ ခြိမ့်နိုင်၊ မင်းသွေးငယ် (ဇီးကုန်း)၊ သတိုးနွယ်တို့၏ ကဗျာများ၊ မောင်ပညာကျော်၊ စိုးထက်ကျော်၊ တက္ကသိုလ်မြတ်သူ၊ မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)၊ မောင်သမ္မာဒိဋ္ဌိ၊ မောင်နွယ်စစ်၊ စမ်းတင်မာ၊ ခိုင်ထက်အောင်၊ တက္ကသိုလ်တင်ခ၊ စောမုံညင်း၊ အယ်ဒီတာချုပ်တစ်ဦး၊ ဒေါက်တာလှမောင် (စီးပွားရေး)၊ အောင်စိုး(တိ/က အမျိုးသားစာပေဆုရ)၊ ညွန့်ဟံ(ကြူတော)၊ ခင်ဇ(စက်မှု)၊ ပြည့်စုံ(သွေးသောက်)၊ အောင်ချိန်ဘွားတို့၏ သုတဆောင်းပါးကဏ္ဍ၊ လှထွန်း(တွံတေး)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ အောင်ရန်နိုင် (B.Sc) တို့၏ လူငယ်ကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာသုတရေးရာကဏ္ဍ၊ ထားမြတ်မာ (မြန်မာစာ)၊ ဓာတ်ပုံမောင်မောင်၊ မြန်မာ့အသံသိန်းဟန်၊ သူရိန်(မကွေး)၊ လွင်ဘိုဘိုအောင် (အလုပ်သင်ဆရာဝန်)၊ နွယ်ငြိမ်းအေး(IT)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မောင်သာအေးတို့၏ ရသဝတ္ထုတိုကဏ္ဍ၊ ဦးဖိုးကျား မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ နန္ဒမိုးကြယ်၏ ဗုဒ္ဓဝင်ဝတ္ထုတိုကဏ္ဍ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ကာတွန်းသရုပ်ဖော်ကဏ္ဍ၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ လေလှိုင်း၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍတို့ စုံလင်စွာဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများ၊ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အာကာသသိပ္ပံ ဖောင်ပိတ်သတင်း

အာကာကျော် - စုစည်းသည်

# ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုအတွက် Sino Sat-6 ဂြိုဟ်တု တရုတ်လွှတ်တင်

*စီချမ် စက်တင်ဘာ ၅*

*တရုတ်နိုင်ငံက ရေဒီယိုနှင့်ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်မှုအတွက် အသုံးပြုရန် Sino Sat-6 ဂြိုဟ်တုကို စက်တင်ဘာ ၅ရက်က ဒေသစံတော်ချိန် ၁၂နာရီ ၁၄မိနစ်တွင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချမ်ပြည်နယ် ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်သည်။*

## *သယ်ဆောင်သွား*

*အဆိုပါ ဂြိုဟ်တုကို Long March 3B ဒုံးပျံက သယ်ဆောင်သွားကာ ပစ်လွှတ်ပြီး ၂၆မိနစ်အကြာ ကမ္ဘာပတ်လမ်းအတွင်းသို့ ပို့ဆောင်လိုက်နိုင်သည်ဟု ဆိုသည်။*

*Sino Sat-6 ဂြိုဟ်တု၏ သက်တမ်းမှာ ၁၅နှစ်ရှိပြီး အီကွေတာမှ ကီလိုမီတာ ၃၅၇၀၀အထက် ၁၂၆ဒသမ ၄ဒီဂရီ အမြင့်တွင် ရှိနေမည်ဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက ပြောသည်။*



## *ဖမ်းယူနိုင်*

*ငှင်းဆက်သွယ်ရေးဂြိုဟ်တုသည် တရုတ်နိုင်ငံရှိ တောင်တန်းဒေသများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားကို ကောင်းစွာဖမ်းယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံက Sino Sat-1 ကို ၁၉၉၈ခုနှစ်တွင် ပထမဆုံး လွှတ်တင်ခဲ့ကြောင်း၊ Sino Sat-2 ကိုလည်း ၂၀၀၆ခုနှစ်တွင် လွှတ်တင်ခဲ့ကြောင်း၊ Sino Sat-6 မှာ ၂၀၀၇ခုနှစ်က လွှတ်တင်ခဲ့သည့် Sino Sat-3 နေရာတွင် အစားထိုးရန်ဖြစ်ကြောင်း တရုတ် အာကာသသိပ္ပံနှင့်နည်းပညာအဖွဲ့က ပြောကြားသည်။* အမ်အင်န်အေ၊ ဆင်ဟွာ

# သွင်းကုန်အစားထိုး ကျန်းမာရေးနှင့်ညီညွတ်သည့် ပဲပိစပ်ဆီ ထုတ်လုပ်လျက်ရှိသော ရွှေပြည်သာစက်မှုဇုန်မှ ပတ္တမြားဆီစက်

သတင်းဆောင်းပါး-တင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း-ကိုထွေး

ရန်ကုန် စက်တင်ဘာ ၅

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များအနက် အာဟာရတန်ဖိုးမြင့်မားစွာပါဝင်သည့် ပဲပိစပ် (Soyabeans) ကို ပဲပြား၊ ပဲပုပ်၊ ပုံးရည်ကြီး၊ ပဲနို့ရည်နှင့် အသားတု ပြုလုပ်ရာတွင်သုံးစွဲကြသည်။ သို့သော်လည်း ပဲပိစပ်ထွက်ရှိမှုနှင့် နှိုင်းစာလျှင် ပြည်တွင်းဈေးကွက်၌ ဝယ်လိုအားအနည်းငယ်သာရှိသဖြင့် ပြည်ပသို့ ကုန်ကြမ်းအဆင့်တွင်သာ တင်ပို့ရောင်းချခဲ့၍ နိုင်ငံတော်အတွက်ရော၊ တောင်သူများအတွက်ပါ အကျိုးရှိသင့်သလောက် မရှိဘဲ ဖြစ်ခဲ့ရသည်။**



**Ruby Lion ကုမ္ပဏီလီမိတက် (ပတ္တမြားဆီစက်)မှဒါရိုက်တာဒေါ်သန္တာလင်းက ပဲပိစပ်ဆီသန့် ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

မြန်မာနိုင်ငံတွင် ပဲပိစပ် (Soya - beans) ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မင်းလှမြို့နယ်တွင်လည်းကောင်း စိုက်ပျိုးဖြစ်ထွန်းကြသည်။ ယခင်က ပြည်တွင်း ဝယ်လိုအား အနည်းငယ်သာ ရှိခဲ့ရာမှ ယခုအခါ နှစ်စဉ်ပြည်တွင်းဆီ (ပဲပိစပ်ဆီ)ကြိတ်မှုအတွက်ပါ ဝယ်လိုအားများလာ၍ တောင်သူများအနေဖြင့် ပဲပိစပ်ကို တိုးချဲ့စိုက်ပျိုးလာကြပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမယ်သစ်များ ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် နိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းအသီးသီးတွင် စက်မှုဇုန်များ တည်ထောင်ပေးထားပြီး ဖြစ်သည်။



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် သီရိမွန်ပလာဇာ အမှတ် ၂၇/၂၈ရှိ ပတ္တမြားပဲပိစပ်ဆီသန့် ပင်ရင်း အရောင်းဆိုင်တွင် အရောင်းဝန်ထမ်းများက ဆီဘူးများအား စနစ်တကျ ထားသိုနေမှုကို တွေ့ရစဉ်။**

## ဖော်ဆောင်ပေး

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ စက်မှုဇုန် အမှတ်(၁၆/၂၆)ရှိ ပတ္တမြားဆီစက်သည် ခေတ်မီစက်ကြီးများနှင့် နိုင်ငံခြားနည်းပညာများကို အသုံးပြု၍ ပဲပိစပ်ဆီသန့် ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီစားသုံးမှု လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရုံသာမက ကျန်းမာရေးနှင့် ညီညွတ်သော ဆီကို ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းဟူသည့် အကျိုးတရားများကို ဖော်ဆောင်ပေးလျက် ရှိပေသည်။

## ထုတ်လုပ်

စားသောက်ကုန်ထုတ်လုပ်သည့် စွန့်ဦးတီထွင် ကုမ္ပဏီတစ်ခုဖြစ်သော Ruby Lion ကုမ္ပဏီလီမိတက်၏ ပတ္တမြားဆီစက်မှ ကျန်းမာရေးအတွက် ကိုလက်စထရော ကင်းစင်သည့် ပတ္တမြားပဲပိစပ်ဆီသန့်ကို ထုတ်လုပ်နိုင်ခဲ့ရာ ဈေးကွက်အတွင်း၌ စားသုံးသူများ၏ ယုံကြည်မှုကို ရရှိနေပြီ ဖြစ်သည်။ Ruby Lion ကုမ္ပဏီလီမိတက်သည် ၂၀၀၄ ခုနှစ်မှစတင်၍ ရွှေပြည်သာ စက်မှုဇုန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နည်းပညာဖြင့် ပတ္တမြားဆီစက်ကို တည်ထောင်ပြီး ပဲပိစပ်ဆီသန့်များကို ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ခေတ်မီစက်ကိရိယာများ တပ်ဆင်တည်ဆောက်ထားသော ပတ္တမြားဆီစက်သို့ သွားရောက်လေ့လာဖြစ်ခဲ့ရာ ပဲပိစပ်ကုန်ကြမ်းမှ ပဲပိစပ်ဆီသန့်ရရှိသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်တွင် စက်ကသာ ပြုလုပ်သွားခြင်းဖြစ်သည်ကို တွေ့ရသည်။ လူ၏လုပ်အား အသုံးပြုခြင်းဆို၍ ပဲပိစပ်ကုန်ကြမ်းကို ကြိတ်ခွဲစက်အတွင်း ထည့်ပေးခြင်းသာရှိသည်။ ကျန်အစိတ်အပိုင်းများ၌ လူကစက်ကို ကိုင်တွယ်မောင်းနှင်ပေးရုံသာ ဖြစ်သည်။ ပဲပိစပ်ကုန်ကြမ်းကို ကြိတ်ခွဲသည်မှ ဆီသန့်ရရှိသည်အထိ စက်ကိရိယာများဖြင့်သာ အဆင့်ဆင့် လုပ်ဆောင်ခြင်းဖြစ်၍ သမားရိုးကျ ဆီကြိတ်စက်မှ ထုတ်လုပ်သော ဆီများထက် ပိုမိုသန့်စင်မှုရှိကြောင်း သိရသည်။ ပတ္တမြားဆီစက်သည် တစ်နေ့လျှင် ပဲပိစပ်ကုန်ကြမ်း တန် ၁၀၀ အထိ ကြိတ်ခွဲနိုင်သည်။

## တွေ့ဆုံမေးမြန်း

ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ္တမြား ပဲပိစပ်ဆီသန့် ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် စပ်လျဉ်း၍ သိရှိနိုင်ရန် Ruby Lion ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်သန္တာလင်းအား ပတ္တမြားဆီစက်သို့ သွားရောက်လေ့လာစဉ် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ဒါရိုက်တာ ဒေါ်သန္တာလင်းက ပဲပိစပ်ဆီသန့်ထုတ်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ "မြန်မာနိုင်ငံမှာ ရှေးအစဉ်အဆက် မိရိုးဖလာဆီစက်တွေနဲ့သာ ပဲဆီ၊ နှမ်းဆီတို့ ထုတ်လုပ်ခဲ့ကြပါတယ်။

သမားရိုးကျ ဆီကြိတ်မှုဟာ ဆီထွက်နှုန်းနည်းခြင်းနဲ့ ဆီကြိတ်ဖတ်မှာ မှိုဓာတ်ပါဝင်ခြင်း စတဲ့အချက်တွေ ရှိပါတယ်။ ခေတ်မီစက်ကြီးတွေနဲ့ ဆီထုတ်လုပ်ခြင်းဟာ ဆီထွက်များခြင်း၊ ဆီသန့်စင်မှုရှိခြင်းနဲ့ ပဲဖတ်မှာ မှိုဓာတ်ကင်းစင်ခြင်း စတဲ့ အားသာချက်တွေ ရှိပါတယ်။ ပဲပိစပ်ဆီဟာ ကိုလက်စထရောပါဝင်မှု မရှိခြင်းကြောင့် ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။ ဒါ့အပြင် ပဲပိစပ်ဆီကြိတ်ရာမှရရှိတဲ့ ပဲဖတ်ဟာ ဆီပါဝင်မှုနှုန်းနည်းခြင်း၊ ကြာရှည်အထားခံခြင်းနဲ့ အသားဓာတ် ပိုမိုပါဝင်ခြင်းတို့ကြောင့် တိရစ္ဆာန်အစာအတွက် အထူးသင့်လျော်ပါတယ်။ ပဲပိစပ်ဆီဟာ အေးတဲ့ရာသီဥတုမှာ ရေခဲမှတ် ၀ ဒီဂရီစင်တီဂရိတ်အထိတိုင် အေးခဲသွားခြင်းမရှိတာကြောင့် ရေခဲသေတ္တာထဲ ထည့်ထားရင်တောင် မခဲပါဘူး။ ပြည်တွင်းက ထွက်ရှိတဲ့ ပဲပိစပ်ကို နိုင်ငံတကာအဆင့်မီစက်တွေနဲ့ ထုတ်လုပ်ခြင်းအားဖြင့် ပြည်တွင်းဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ဖို့နဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ဆီကို ပြည်တွင်းမှာ အလွယ်တကူဝယ်ယူစားသုံးနိုင်စေဖို့ ရည်ရွယ်ပြီး ပဲပိစပ်ဆီသန့် ထုတ်လုပ်ဖြစ်ခဲ့တာပါ"ဟု ပြောကြားသည်။



**ရွှေပြည်သာ စက်မှုဇုန်ရှိ ပတ္တမြားဆီစက်၌ ထုတ်လုပ်မည့် ပဲပိစပ်ကုန်ကြမ်းများ စနစ်တကျသိုလှောင်ထားစဉ်။**

ဒါရိုက်တာ ဒေါ်သန္တာလင်းသည် ဩစတြေးလျနိုင်ငံ New South Wales တက္ကသိုလ်မှ Food Science & Nutrition ဘာသာရပ်ဖြင့် B.Sc ဘွဲ့ရရှိခဲ့သူဖြစ်ပြီး နိုင်ငံတကာ ဆီစားသုံးမှုနှင့် ထုတ်လုပ်မှုတို့ကို အချိန်ယူ လေ့လာခဲ့ကြောင်း သိရသည်။

ဒေါ်သန္တာလင်းက ပတ္တမြား ပဲပိစပ်ဆီသန့်နှင့်စပ်လျဉ်း၍ "ပတ္တမြားပဲပိစပ် ဆီသန့်ဟာ ခေတ်မီနည်းပညာဖြင့် အသင့်ဆမ်းစားသုံးနိုင်တဲ့အဆင့်အထိ အဆင့်ဆင့်သန့်စင်ထားတဲ့ ဆီသန့် (Salad Oil) ဖြစ်ပါတယ်။ဆီပူ ဆီကျက်ဖို့ မီးခိုးတွေတထောင်းထောင်းနဲ့ အငွေ့ပြန်တဲ့အထိစောင့်စရာမလိုဘဲ လိုအပ်တဲ့အပူချိန်ရောက်ရင် ကြော်ချက်စားနိုင်တဲ့အတွက် အချိန်ကုန်၊ ဆီကုန်သက်သာပါတယ်။ ပဲပိစပ်ဆီကြမ်းမှာရှိတဲ့ အရောင်နဲ့ အနံ့တို့ကို ဖယ်ရှားရာမှာ ခေတ်မီလေဟာနယ်သုံး စက်ကြီးတွေနဲ့ အပူချိန် ၂၅၀ဒီဂရီစင်တီဂရိတ်မှာ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ စက်ထဲမှာ ရေနွေးငွေ့နဲ့ အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ် ပေးထားလို့ ပိုးသတ်ပြီးသား ဖြစ်သလို ရေဓာတ်ပါဝင်မှုကိုလည်း သန့်စင်ပြီးဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ဒေါ်သန္တာလင်းက ဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်၍ "စတင်ထုတ်လုပ်စဉ်က ဖောက်သည်ဟောင်းတွေ ဒီနေ့ထက်ထိရှိနေပြီး ဖောက်သည်အသစ်တွေ တိုးလာတာကြည့်ရင် စားသုံးသူတွေရဲ့ ယုံကြည်မှုရရှိနေပြီဆိုတာ သိနိုင်ပါတယ်။ ဆောင်းရာသီမှာ ပိုပြီးရောင်းအားကောင်းပါတယ်။ဆောင်းတွင်းမှာ အချို့ဆီတွေအေးခဲပေမယ့် ပတ္တမြားပဲပိစပ်ဆီသန့်က လုံးဝအေးခဲခြင်းမရှိလို့ နှစ်ခြိုက်စွာ ဝယ်ယူသုံးစွဲကြပါတယ်။ သုံးနှစ်ကျော်သက်တမ်း ရှိလာချိန်မှာ ရန်ကုန်မြို့တွင် ပတ္တမြားပဲပိစပ်ဆီကို တကူးတက ရှာဝယ်ပြီး သုံးလာတာတွေ့ရပါတယ်။ အခုဆိုရင် ထုတ်လုပ်မှုရော၊ ရောင်းအားပါ အရှိန်ရနေပါပြီ။ ဆီအကြောင်းပြောရင် ပဲဖတ်အကြောင်း ထည့်မပြောလို့ မရပါဘူး။ ဘယ်လိုနည်းနဲ့ ဆီကြိတ်ကြိတ် ပဲဖတ်က အဓိကကျပါတယ်။ ဆီကြိတ်ရင် ၈၀ရာခိုင်နှုန်းက ပဲဖတ်ရတာပါ။ ပဲဖတ်ကိုရောင်းအားရှိမှသာ ဆီကိုထုတ်လုပ်ဖို့ တွက်ခြေကိုက်မှာဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေ အနေနဲ့ ပြည်တွင်းကထွက်ရှိတဲ့ပဲဖတ်ကို ပိုမိုဝယ်ယူသုံးစွဲလာတာနဲ့အမျှ ဆီဈေးနှုန်းလဲ တည်ငြိမ်မှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ပဲပိစပ်ကို ဆီကြိတ်ခြင်းဖြင့် စားသုံးဆီသန့် ၁၅ရာခိုင်နှုန်း၊ အသားဓာတ် ၅၀ရာခိုင်နှုန်းပါဝင်သည့် လတ်ဆတ်ပြီး မှိုကင်းစင်သော တိရစ္ဆာန်အစာဖတ် (ပဲဖတ်) ၈၀ရာခိုင်နှုန်းထွက်ရှိသည်။ ထို့အပြင် သား၊ ငါးကဏ္ဍအတွက် တိရစ္ဆာန်အစာ ပဲဖတ် ရရှိခြင်းနှင့် ဆပ်ပြာချက်လုပ်ရာတွင် အသုံးဝင်သည့် ဆပ်ပြာဆီများ ထွက်ရှိသည့်အတွက် သွင်းကုန်အစားထိုး စက်မှုကုန်ကြမ်း ရရှိနိုင်ပေသည်။

ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက်မှ ပဲကုန်ကြမ်း တန် ၁၀၀ကျ စက်ကြီးများဖြင့် သန့်ရှင်းစွာထုတ်လုပ်ထားသော ပတ္တမြား ပဲပိစပ်ဆီသန့်သည် မြန်မာနိုင်ငံ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာန (FDA Myanmar)၏ ထုတ်လုပ်ခွင့်လက်မှတ်ကို ရရှိထားပြီးဖြစ်သည်။ ထို့အပြင် ကုန်ကြမ်းဝယ်ယူရာမှ ကုန်ချောရရှိသည်အထိ ထုတ်လုပ်မှု အဆင့်ဆင့်တွင် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိမရှိကို ဓာတ်ခွဲခန်းတွင် ပုံမှန်စမ်းသပ်စစ်ဆေးပြီး အရည်အသွေးထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိသည်။



**ရွှေပြည်သာစက်မှုဇုန်ရှိ(ပတ္တမြားဆီစက်)၌ ပဲပိစပ်ဆီသန့်ထုတ်လုပ်မှုအဆင့်ဆင့်ကို ခေတ်မီစက်ကိရိယာများဖြင့် လုပ်ဆောင်နေမှုကိုတွေ့ရစဉ်။**

ဝယ်ယူရရှိသော ပဲပိစပ်ကုန်ကြမ်းများ၌ ပါဝင်လေ့ရှိသော သံ၊ ခဲ၊ သဲနှင့် အမှိုက်များ ကင်းစင်စေရန် ဆွဲအားသုံးစက်များဖြင့် သန့်စင်ပြီး နိုင်ငံတကာ ဆီကြိတ်လုပ်ငန်းသုံးနည်းပညာဖြင့် ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းသို့ ထုတ်လုပ်ရရှိသော ပဲပိစပ်ဆီ၏ ထူးခြားချက်မှာ မှိုဓာတ် (Afatoxin) လုံးဝကင်းစင်ပြီး စားသုံးဆီများတွင် ပါဝင်တတ်သော စားသုံးရန်မသင့်သည့် ဖယောင်း၊ တစေး၊ အချွဲနှင့် အချဉ်ဖောက်စေသည့် Free Fatty Acids (FFAs) များ မပါဝင်သဖြင့် ဆီပျက်စီးမှု လျော့နည်းစေပြီး တာရှည်အထားခံသည်။ သေချာစွာ ထုပ်ပိုးထားသည့် ပတ္တမြားပဲပိစပ် ဆီသန့်သည် ဆီမလတ်ဆတ်မှုကြောင့် ဖြစ်သော လည်ချောင်းရှခြင်း၊ ချောင်းဆိုးခြင်းများ လုံးဝဖြစ်စေနိုင်ခြင်း မရှိဟု သိရသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အရ ပြည်သူများအတွင်း ပြည့်ဝဆီနည်းသော စားသုံးဆီများကို ရွေးချယ်စားသုံးလာကြရာ မှုန်ဝါးခြင်း၊ အေးခဲခြင်း မရှိသည့် ပဲပိစပ်ဆီသန့်ကို ပိုမိုသုံးစွဲလာကြသည်။ ပဲပိစပ်ဆီသန့်စားသုံးခြင်းဖြင့် ကိုလက်စထရော ပါဝင်မှုများသည့် အဆီစားသုံးရာတွင် ဖြစ်တတ်သော နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါနှင့် သွေးတိုးရောဂါ ဖြစ်ပွားမှု လျော့နည်းစေသည်။

ပတ္တမြားပဲပိစပ် ဆီသန့်များကို တစ်ပိဿာဘူး၊ နှစ်ပိဿာဘူး၊ သုံးပိဿာဘူး၊ငါးပိဿာဘူး၊၁၀ပိဿာဘူး၊ ၀ ဒသမ ငါးလီတာပုလင်း၊ တစ်လီတာပုလင်း၊ နှစ်လီတာပုလင်း၊ ငါးလီတာပုလင်းတို့ဖြင့် သေချာစွာထုပ်ပိုး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် သီရိမွန်ပလာဇာ အမှတ် (၂၇/၂၈)ရှိ ပင်ရင်းအရောင်းဆိုင် မြန်မာ ပြည်တစ်ဝန်းလုံးရှိ မြို့ကြီးများနှင့် Supermarket များတွင် လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင် ငါးပိဿာနှင့် အထက်ဝယ်ယူသူများကို အိမ်တိုင်ရာရောက်ပေးပို့ကြောင်း သိရသည်။

## ဝင်ငွေရရှိ

ပဲပိစပ်ဆီသန့် ထုတ်လုပ်ခြင်းသည် ပြည်တွင်း စိုက်ပျိုးရေးထွက်ကုန်ကို ပြည်တွင်း၌သာ ထုတ်လုပ်ခြင်းကြောင့် ပဲစိုက်တောင်သူများအတွက် အားထားစရာ ဈေးကွက်တစ်ခုဖြစ်လာသကဲ့သို့ ပြည်တွင်းစားသုံးဆီဈေးနှုန်း ကျဆင်းရေးကိုလည်း အထောက်အကူ ပြုနိုင်ပေသည်။ ပဲပိစပ်စိုက်ပျိုးခြင်းသည် မြေဆီခန်းခြောက်မှု မရှိဘဲ ကုန်ကျစရိတ် သက်သာသဖြင့် တောင်သူများ ရေရှည်ဝင်ငွေရရှိနိုင်သော သီးနှံဖြစ်သည်။

ပတ္တမြားပဲပိစပ်ဆီသန့် ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ သွင်းကုန်အစားထိုးနိုင်သကဲ့သို့ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကိုဝယ်ယူရရှိနိုင်ပြီး ပဲစိုက်တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။



**ရွှေပြည်သာ စက်မှုဇုန်ရှိ ပတ္တမြားဆီစက်၌ ထုတ်လုပ်ရရှိသည့် ပဲပိစပ်ဆီသန့်များကို ထုပ်ပိုးမှုမပြုလုပ်မီ ထားရှိသော သိုလှောင်ကန်ကြီးများကိုတွေ့ရစဉ်။**



# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၃၁ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ပေါင်းတည်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျန်းမာရေးကော်မတီ အသီးသီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ရန်၊ အမျိုးသမီးများသည် သွေးအားနည်းရောဂါမှ ကာကွယ်နိုင်ရန် သံဓာတ်နှင့် ဖောလစ်အက်စစ်၊ ဗီတာမင်ဘီ-ဝမ်းတို့ကို သုံးစွဲရန်၊ အိုင်အိုဒင်းဆား စားသုံးရန်နှင့် အာဟာရချို့တဲ့မှု မရှိစေရန် အစားမရှောင်ဘဲ စားသောက်ရန်၊ ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျန်းမာရေးဝန်ထမ်းများနှင့် ပြသမွေးဖွားရန်၊ အိမ်တိုင်း ယင်လုံအိမ်သာအသုံးပြုရန်၊ သန့်ရှင်းသော သောက်သုံးရေသုံးစွဲရန်နှင့် လက်ဆေးသည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ရန်၊ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန် တို့ကို မှာကြားသည်။

### ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ထိုမှတစ်ဆင့် ပေါင်းတည်မြို့နယ် အဂ္ဂကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အဂ္ဂရာပြည့် ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးသတ်စခန်းများ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထောက်ကြန့်၊ လှည်းကူး **(အပေါ်ပုံ)** နှင့် လေးထောင့်ကန် မီးသတ်စခန်းများသို့ ရောက်ရှိရာ မီးသတ်စခန်းတာဝန်ခံများက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး တည်ဆောက်ထားရှိရန်၊ မီးလောင်ပြင်သို့ မြန်မြန်သွားနိုင်ရေးအတွက် သင့်(၄)သင့်ဖြစ်သော လူ၊ ယာဉ်/စက်၊ ဆီ၊ ရေအသင့်ရှိနေရေးအတွက် ဆောင်ရွက်ထားကြရန်၊ မီးကိုမြန်မြန် ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ပညာရပ်များ၊ မီးသတ်ယာဉ်/စက်နှင့် မီးသတ်ပစ္စည်းကိရိယာ အသုံးပြုနည်းများပိုမိုကျွမ်းကျင်ရေးအတွက် အမြဲလေ့ကျင့်နေရန်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်ကို အမြဲထိန်းသိမ်းထားရှိရန်၊ မိမိဒေသအတွင်းရှိ အရန်မီးသတ် တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့၍ လိုအပ်ချက်များ ကူညီပံ့ပိုးခြင်း၊ လိုအပ်ချိန်တွင် အသင့်စုစည်းနိုင်ရေး စီမံဆောင်ရွက်ထားကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သို့ ရောက်ရှိပြီး ဆောက်လုပ်ဆဲ မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း တက်ရောက်ကြည့်ရှု အားပေးပြီး **(ယာပုံ)**ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

### ယှဉ်ပြိုင်ကစား

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကိုသုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

### ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံးရိုက်ခုတ်ဆုနှင့် အကောင်းဆုံးပိတ်ဆို့ဆုရရှိကြသူများ၊ ပူးတွဲတတိယရရှိကြသော အမျိုးသားအသင်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲတပ်ဖွဲ့အသင်းနှင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်း၊ အမျိုးသမီးအသင်းများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းနှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့အသင်းတို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ (အမျိုးသား)အသင်းနှင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့(အမျိုးသမီး)အသင်း၊ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (အမျိုးသား) အသင်းနှင့် (အမျိုးသမီး) အသင်းတို့အား ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုးနှင့် ရဲရေးချုပ် ရဲမှူးချုပ် သိန်းတင့်တို့က တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းက ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (အမျိုးသား) အသင်းနှင့် (အမျိုးသမီး)အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**

# မဲရုံမှူးများရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဟားခါးမြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၅

ချင်းပြည်နယ် ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ ဟားခါးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း(၄/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးခွာထီးယိုး၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းခင်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရာလ်ခမ်းနှင့် ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘွေဟူးတို့က အမှာစကား ပြောကြားကြသည်။

### သရုပ်ပြလေ့ကျင့်

ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးငွန်ဇဝုန်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဒေးဗစ်ရွှေတို့က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးပို့ချကြပြီး မဲရုံတည်ဆောက်ပုံနှင့် မဲပေးနည်းစနစ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ပြသကြသည်။

သင်တန်းသို့ ဟားခါးမြို့ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု၃၀တို့မှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၄၀တို့ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**






မြန်မာ့အလင်း စာတည်းထံပေးစာများ

## ကျူးကျော်အိမ်များ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်း ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄) ဗိုလ်ချုပ်လမ်းမှ မြပုလဲလမ်းသို့ဝင်သွားပြီး ညာဘက်ကို ချိုးဝင်သည့် ဗိုလ်ချုပ်လမ်း၏ ဒုတိယမြောက်လမ်းသည် မူလတွင် ကားကြီးများ ဝင်ထွက်သွားလာနိုင်အောင် ဖောက်လုပ်ထားသော်လည်း ယခုအခါ ၄င်းလမ်းပတ်ဝန်းကျင်ရှိလူနေအိမ်အချို့မှ မူလလမ်းကို ကျူးကျော် ခြံခတ်ပြီး လမ်းပိတ်ထားပါသဖြင့် ရပ်ကွက်နေပြည်သူများ အဝင်အထွက်ခက်ခဲနေပြီး မီးဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်မီးသတ်ကား ဝင်ထွက်ရန် ခက်ခဲပါသဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

## ပျံ့ကျဈေးသည် ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗိုလ်သုခလမ်းတစ်လျှောက်ရှိ နောက်ဖေးလမ်းကြားထိပ်များတွင် ကျူးကျော်ပျံ့ကျဈေးသည်များကြောင့် နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးလုပ်ရန်နှင့် မိလ္လာကား အဝင်အထွက်လုပ်ရန် နေရာပိတ်ဆို့နေပါ၍ သက်ဆိုင်ရာကရှင်းလင်းဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

**အိုးဘိုရပ်ကွက်သူရပ်ကွက်သားများ**

## အများသုံးလမ်းမ ပိတ်ဆို့နေ

**စာတည်းခင်ဗျား-**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် နယ်မြေ(၂) စပယ်လမ်းမြောက်ပိုင်း အဝင်ဝတွင် အနောက်ဘက်မှ ကျူးကျော်ထားသော ထန်းလျက်နှင့် ကွမ်းဆိုင်ကြောင့်လည်းကောင်း၊ အရှေ့ဘက်ဘေးတစ်လျှောက်မှ စည်းကမ်းမဲ့စွာ ရပ်ထားကြသော စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားများကြောင့်လည်းကောင်း စပယ်လမ်းသည် အမြဲ ကျဉ်းကျပ်ပိတ်ဆို့နေသဖြင့် လမ်းအသုံးပြုသူများနှင့် လမ်းသူ လမ်းသားများမှာ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိပြီး အကယ်၍ မီးဘေးအန္တရာယ်တစ်စုံတစ်ရာကြုံပါက မီးသတ်ကားဝင်ရန် ခက်ခဲနိုင်ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## ဝက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင် မခံနိုင်

**စာတည်းခင်ဗျား-**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၃)ရှိ အိမ်တစ်အိမ်တွင် မွေးမြူထားသော ဝက်ခြံမှ ဝက်ချေးနံ့များကို အချိန်နှင့်အမျှ ရှူရှိုက်နေရပါ၍ ကျန်းမာရေးထိခိုက်လျက်ရှိရာ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

## ဆေးဖျန်း ငါးဖမ်းသူများအား အရေးယူပေးပါ

**စာတည်းခင်ဗျား-**

မော်ဘီမြို့နယ်ရှိ မော်ဘီချောင်းမကြီးအတွင်း နှစ်စဉ် မကြာခဏ ချောင်းအတွင်းသို့ ပိုးသတ်ဆေးများဖျန်းချ၍ ငါးများကို ကျားပိုက်များဖြင့် ထောင်ဖမ်းလျက်ရှိရာ ငါးမျိုးများ ပြုန်းတီးမှုမှကင်းဝေးစေရန် ဆေးဖျန်း၍ ကျားပိုက်ထောင်ဖမ်းသူများအား သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

## ငရုတ်သီးအမှုန့်၊ အခိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

**စာတည်းခင်ဗျား-**

မုံရွာမြို့ အောင်ချမ်းသာရပ် စံပြလမ်းတောင်ဘက် အောင်ဓမ္မာရုံလမ်းရှိ ငရုတ်သီးစက်သည် ရပ်ကွက်အတွင်း နေ့ရောညပါ လုပ်ကိုင်နေလျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ငရုတ်သီးအမှုန့်၊ အခိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်သူများ**

## စည်းကမ်းမဲ့လမ်းဘေးဈေးသည်များ ဖယ်ရှားဆောင်ရွက်ပြီး

၂၄-၈-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဘိုကလေးမြို့ စည်းကမ်းမဲ့လမ်းဘေးဈေးသည်များ ဖယ်ရှားပေးပါ** ပေးစာနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကာရာအိုကေဆိုင်နှစ်ဆိုင်အား အရေးယူဆောင်ရွက်ပြီး

၂၈-၆-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့နယ် ကျည်တော်ကုန်းအုပ်စု ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက်ရှိ ကာရာအိုကေဆိုင်နှစ်ဆိုင် အသံဆူညံမှုနှင့်ပတ်သက်၍** သက်ဆိုင်ရာမြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းပိတ်သိမ်းထားရှိပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **တိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**



## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

## ပိတ်မိမိုင်းလုပ်သားများ

မြေပေါ်မှ မိသားစုများနှင့် ဆက်သွယ်ပြောဆိုနိုင်လျက်ရှိသည့် မြေအောက်၌ ပိတ်မိနေသော မိုင်းလုပ်သားများ။



❒ *ကျော်ဖုံးမှ*

*ပိတ်မိနေသော မိုင်းလုပ်သားများတွင် ဆက်သွယ်ရေး ကိရိယာများရှိနေရာ မြေပေါ်မှ မိသားစုများနှင့် စကားဆက်သွယ် ပြောဆိုနိုင်လျက်ရှိသည်။ ထို့ကြောင့် ပိတ်မိနေသော မိုင်းလုပ်သားများ၊ မိသားစုဝင်များ၊ တူးဖော်နေသော အင်ဂျင်နီယာများနှင့် သတင်းထောက် များတွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-*

***သတင်းထောက်*** ။ ။ ***ကယ်ဆယ် ရေးဆောင်ရွက်မှုကို ပြောပါဦး။***

***ဆူဂရက် (တူးဖော်ရေး အင်ဂျင်နီယာ)*** ။ ။ *ကျွန်တော်တို့ မိုင်းတွင်းဧရိယာရဲ့ ကင်းလွတ်တဲ့ နေရာကစပြီး ရေနံတွင်းတူးစက်နဲ့မြေကြီးကိုတူးဖော်နေပါပြီ။ အခုဆိုရင် မြေကြီးအောက် ပေ ၁၅၀၀ လောက်ရောက်နေပြီဖြစ်ပါတယ်။ သူတို့ပိတ်မိတဲ့ နေရာက ပေ ၂၃၀၀ဆိုတော့ သိပ်မလိုတော့ပါဘူး။*

***သတင်းထောက်*** ။ ။ ***အဲဒီမြေကြီးအနက် ရောက်သွားရင် ဘယ်လိုကယ်ထုတ်မလဲ။***

***ဆူဂရက် (တူးဖော်ရေး အင်ဂျင်နီယာ)*** ။ ။ *အခုမြေတူးစက်လွန်ရဲ့ အကျယ်အဝန်းကကျဉ်းတော့ လူတစ်ကိုယ်အကျယ် စင်တီမီတာ ၇၀ အထိချဲ့ပြီးတော့ ဝန်ချီစက်နဲ့ တစ်ဦးချင်းစီ မတင်ကယ်ထုတ်မှာပါ။ စက်တင်ဘာလလယ်လောက် ကယ်ဆယ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။*

***သတင်းထောက်*** ။ ။ ***အန်ကယ်… ကျန်းမာပါရဲ့လား၊ မြေအောက်မှာ နေထိုင်ရတဲ့ အခြေအနေလေးပြောပြပါဦး။***



ပိတ်မိမိုင်းလုပ်သား ရေးဂါဒက်စ်။

***ရေးဂါဒက်စ် (ပိတ်မိ မိုင်းလုပ်သား)*** ။ ။ *နေထိုင်ရတာ အဆင်ပြေပါတယ်။ ဒါပေမယ့် အသက်ရှူမဝသလို၊ စိတ်ကျဉ်းကျပ်နေသလို အမြဲတမ်းခံစားနေရတယ်။ အစားအစာကတော့ အရေးပေါ်အပေါက် ကနေ့တိုင်းချပေးတဲ့အတွက် အဆင်ပြေပါတယ်။ အသက် ၅၆နှစ်ရှိပြီဆိုတော့ ကိုယ်လက် ကိုက်ခဲမှု တွေရှိပေမယ့် အခက်အခဲတော့ သိပ်မရှိပါဘူး။ မိသားစုတွေနဲ့လည်း ဖုန်းဆက်သွယ်မှု အမြဲတမ်း ရှိနေပါတယ်။*

***သတင်းထောက်*** ။ ။ ***အစ်ကို…မြေအောက်မှာနေရတဲ့ ခံစားမှု ပြောပြပါဦး။***

***ဖရက်ကတ်စ် (ပိတ်မိ မိုင်းလုပ်သား)*** ။ ။ *မနေချင်တော့ဘူး၊ စိတ်ပင်ပန်းနေပြီ။ အစားအစာတော့ အတိုင်းအတာနဲ့စားရတယ်။ ကျန်းမာရေးကောင်းအောင် ဂရုစိုက်နေရတယ်။ မိသားစုတွေနဲ့ နေ့တိုင်းအဆက်အသွယ်ရှိပေမယ့် မြန်မြန်လွတ်မြောက်ချင်လှပါပြီ။*

***သတင်းထောက်*** ။ ။ ***ညီမလေးက ပိတ်မိနေတဲ့ သူတွေထဲမှာ ဘယ်သူပါလို့လဲ။ ဘယ်လိုဆက်သွယ်မှုတွေ ရှိနေလဲ။***

***မာစီလာ*** ။ ။ *ကျွန်မရဲ့အဖေက မိုင်းတွင်းထဲမှာ ပိတ်မိနေတာပါ။ အသက် ၆၀နီးပြီဆိုတော့ အလွန်စိတ်ပူနေပါတယ်။ တစ်နေ့လေးကြိမ်လောက်ဖုန်းနဲ့ စကားပြောခွင့်ရသလို အဖေ့ပုံပါ မြင်ရလို့ နည်းနည်း စိတ်သက်သာရတယ်။ ဒါပေမယ့် ဒီလိုဒုက္ခမျိုးကြီး အဖေ့ကို တစ်စက္ကန့်တောင် မခံစားစေချင်တော့ပါဘူး။*

***သတင်းထောက်*** ။ ။ ***အစ်ကိုကရော မြေအောက်မှာဘယ်သူပိတ်မိနေလို့လဲ။***



**"အဖေ့ပုံပါ မြင်ရလို့ နည်းနည်း စိတ်သက်သာရတယ်။ ဒါပေမယ့် ဒီလိုဒုက္ခမျိုးကြီး အဖေ့ကို တစ်စက္ကန့်တောင် မခံစားစေချင်တော့ပါဘူး။"**

မာစီလာ

***အိုမာ*** ။ ။ *ကျွန်တော့်အဖေ ဖြစ်ပါတယ်။ ဒီအလုပ်ကို မလုပ်ပါနဲ့တော့လို့ အတန်တန်တားခဲ့ပေမယ့် ဘယ်လိုမှ မရဘူး။ အခုတော့ အသက်ရှင်နေတယ်၊ ကျန်းမာနေတယ်ဆိုပေမယ့် ကျွန်တော်တို့ရင်မှာ မီးတောက်မီးလျှံတွေရှိနေသလိုပါပဲ။ ဒီအလုပ်ကို နောက်ဘယ်တော့မှ မလုပ်ခိုင်းတော့ပါဘူး။*

**"ကျွန်တော်တို့ ရင်မှာ မီးတောက် မီးလျှံတွေရှိနေသလို ပါပဲ။"**

အိုမာ



***သတင်းထောက်*** ။ ။ ***အစ်မကရော မြေအောက်မှာ ဘယ်သူပိတ်မိနေလို့လဲ။***

***အယ်ဂါဒို*** ။ ။ *ကျွန်မရဲ့ခင်ပွန်း ပိတ်မိနေတာပါ။ သားနဲ့သမီးနှစ်ဦးရှိတော့ နေ့တိုင်းငိုနေရပါတယ်။ သူအသက်ရှင်နေမှန်း၊ ကျန်းမာရေးကောင်းမှန်း ကြားရ မြင်ရလို့ ဝမ်းသာနေရတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက ကြိုးစားနေတာမို့ မကြာခင် ပြန်လွတ်မြောက်လာမယ်လို့ ယုံကြည်ပြီး အားတင်းထားပါတယ်။*



**"မကြာခင်ပြန်လွတ်မြောက်လာမယ်လို့ယုံကြည်ပြီး အားတင်းထားပါတယ်။"**

အယ်ဂါဒို

*ပိတ်မိနေသော မိုင်းလုပ်သား ၃၃ဦးအား ကယ်တင်နိုင်ရေးမြေတူးစက်ဖြင့် နေ့ရောညပါ တူးဖော်လျက်ရှိရာ မကြာမီအန္တရာယ်ကင်းစွာ လွတ်မြောက်လာရန် ချီလီအစိုးရ၊ မိသားစုများနှင့် ကမ္ဘာ့ပြည်သူများက ဆုတောင်းလျက်ရှိပါကြောင်း။ ။*

***(အင်တာနက်)***

## ချယ်လ်ဆီးကစားသမားများ ခြေစွမ်းပိုရှိပြလာကြ

➤ မြင့်မောင်စိုး - စုစည်းသည် ➤

**လန်ဒန် စက်တင်ဘာ ၅**

ချယ်လ်ဆီးအသင်းရဲ့ အဓိကကစားသမားများဖြစ်တဲ့ ဂျွန်တယ်ရီ၊ လမ်းပတ်နဲ့ တိုက်စစ်မှူး ဒရော့ဂ်ဘာတို့ဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ပိုပြီးခြေစွမ်းပြလာတာတွေ့ရပါတယ်။



**ချယ်လ်ဆီးကစားသမားများ ဖြစ်ကြသည့် လမ်းပတ်၊ တယ်ရီနှင့် ဒရော့ဂ်ဘာတို့အား တွေ့ရစဉ်။**

### သွင်းယူပေးနိုင်

ပရီမီယာလိဂ်ပွဲစဉ်(၃)ကစားအပြီးမှာတော့ ချယ်လ်ဆီးအသင်းဟာ သုံးပွဲကစား သုံးပွဲနိုင်ပြီး ရမှတ် ၉မှတ်နဲ့ အမှတ်ပေးဇယားထိပ်ကို စိုးမိုးနေဆဲ ဖြစ်ပါတယ်။

ချယ်လ်ဆီးက ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့်မှာ ဝက်စ်ဘရွန်းကို ခြောက်ဂိုးဂိုးပြတ်သွင်းယူခဲ့သလို ဝီဂန်ကိုလည်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒီပွဲတွေမှာ သူတို့သုံးဦးဟာ ခြေစွမ်းပြဂိုးတွေ သွင်းပြနိုင်ခဲ့ကြပါတယ်။

### ခြေစွမ်းပြ

ကွင်းလယ်ကစားသမား လမ်းပတ်ရဲ့ အသက်ဟာ ၃၂နှစ်တောင် ရှိပါပြီ။ ဘောလုံးသမားတစ်ယောက်အနေနဲ့ အကျဘက်ကိုဦးတည်နေပါပြီ။ ဒါပေမယ့်လည်း လမ်းပတ်ဟာ ခြေစွမ်းပြနေဆဲပါပဲ။

ထို့အတူ အသင်းခေါင်းဆောင် ဂျွန်တယ်ရီဆိုရင်လည်း ၂၉နှစ်ရှိနေပါပြီ။ သူဟာ အသက်အရွယ်ရလာပေမယ့် ခံစစ်ကိုလုံအောင်ကစားနိုင်တဲ့ ခံစစ်မှူးကောင်းကောင်း ဖြစ်ပါတယ်။ တယ်ရီဟာ တစ်ဖက်အသင်းရဲ့ အပိုင်ကန်ယူနိုင်ခြေရှိတဲ့ဂိုးတွေကို ပိုင်ပိုင်နိုင်နိုင်ရှင်းထုတ်နိုင်တဲ့ ခံစစ်မှူး ဖြစ်ပါတယ်။ ချယ်လ်ဆီးက ယခုအထိ ပေးဂိုး မပေးရခြင်းမှာ တယ်ရီရဲ့ ခံစစ်နေရာယူကောင်းနေခြင်းကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

### လှလှပပသွင်းယူ

ချယ်လ်ဆီးအသင်းရဲ့ အမာခံကစားသမားတစ်ဦးဖြစ်တဲ့ ဒရော့ဂ်ဘာဆိုတာလည်း လာမယ့်မတ်လမှာ သူ့အသက် ၃၃နှစ်ပြည့်မှာပါ။ အသက်အရွယ်ရလာပေမယ့် တိုက်စစ်မှူး ဒရော့ဂ်ဘာဟာ ချယ်လ်ဆီးအတွက် ဟက်ထရစ်ဂိုးတွေသွင်းယူဖို့ ကြိုးစားဆဲပါ။ တိုက်စစ်မှူး ဒရော့ဂ်ဘာဟာ အသက်အရွယ်ရလာပေမယ့် ကစားအားမကျဘဲ အတွေ့အကြုံတွေအရ အဆုံးသတ်ဂိုးများ လှလှပပသွင်းယူပေးနေဆဲဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား လမ်းပတ်ဆိုရင်လည်း ကွင်းလယ်ဘောလုံးဖြန့်ဝေမှုကောင်းသလို ကိုယ်တိုင်လည်း ဂိုးတွေရအောင် သွင်းပြနေပါတယ်။ လမ်းပတ်ရဲ့ သေသပ်လှပတဲ့ ကစားကွက်တွေက တစ်ဖက်အသင်းအတွက် ဂိုးပေါက်ပျောက်ခဲ့ရပါတယ်။

### ခန့်မှန်း

ချယ်လ်ဆီးအသင်းမှာ အဓိကအားထားရတဲ့ ဂျိုကိုးလ်နဲ့ မိုက်ကယ် ဘောလက်တို့ မရှိပေမယ့် ချန်ပီယံဖြစ်နိုင်တဲ့ ခြေစွမ်းကတော့ ရှိနေဆဲပါ။ ယခုနှစ် ပရီမီယာလိဂ် သုံးပွဲကစားအပြီးမှာတော့ ချယ်လ်ဆီးအသင်းဟာ စုစုပေါင်း ၁၄ဂိုး သွင်းယူထားပါတယ်။ ဒီလို ဂိုးတွေ များများသွင်းယူနိုင်ခဲ့တာကြောင့် ဒီနှစ်မှာ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်မယ့်အသင်းဟာ ချယ်လ်ဆီးပဲလို့ ဘောလုံးအသိုင်းအဝိုင်းက ခန့်မှန်းလျက်ရှိပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

## ယူအက်စ်အိုးပင်းတင်းနစ် ရှာရာပိုဗာ ကွာတားရောက်ရှိ

**နယူးယောက် စက်တင်ဘာ ၅**

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ အသက် ၁၈နှစ်အရွယ်ရှိ ကာပရာအား ၆-၀၊ ၆-၀ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့သည်။

ရှာရာပိုဗာသည် ကွာတား ဖိုင်နယ်ပွဲတွင် ကမ္ဘာ့အဆင့်၄ရှိ အမေရိကန် တင်းနစ်မယ် ဝင်နီယာစကီနှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(အင်တာနက်)**



**ကမ္ဘာ့ နံပါတ် (၁) တင်းနစ်ကစားသမားဟောင်း ရှာရာပိုဗာ၏ ကစားဟန်။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ကွက်ကျားမိုး

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၉-၂၀၁၀

| | |
|---|---|
| သထုံမြို့ | ၆ဒသမ ၇၃လက်မ |
| ပေါင်မြို့ | ၅ဒသမ ၃၉လက်မ |
| လောင်းလုံမြို့ | ၄ဒသမ ၀၂လက်မ |
| ဘားအံမြို့ | ၃ဒသမ ၇၀လက်မ |
| ဒွေးမြို့ | ၃ဒသမ ၁၉လက်မ |
| ထားဝယ်မြို့ | ၂ဒသမ ၁၆လက်မ |
| မော်လမြိုင်မြို့ | ၁ဒသမ ၈၉လက်မ |

# ပိတ်မိချီလီမိုင်းလုပ်သားများနှင့် အင်တာဗျူး

မောင်မောင်မြင့်ဆွေ

**ကယ်ဆယ်ရေးအတွက် ရေနံတွင်းတူးစက်နဲ့ မြေကြီးကို တူးနေပါပြီ** — တူးဖော်ရေးအင်ဂျင်နီယာ

**အရေးပေါ်အပေါက်ကနေ နေ့တိုင်းအစားအစာချပေးလို့ အဆင်ပြေပါတယ်** — ပိတ်မိမိုင်းလုပ်သား



*ချီလီနိုင်ငံ ကိုပီရာပိုမြို့အနီးရှိ မိုင်းတွင်းမှာ ပြီးခဲ့သည့် ဩဂုတ် ၅ရက်က ပြိုကျမှုဖြစ်ပွားခဲ့သည်။ မြေအောက်ပေ ၂၃၀၀ အနက်၌ အလုပ်လုပ်ကိုင်နေသော မိုင်းလုပ်သား ၃၃ဦး ပိတ်မိနေခဲ့သည်။ ထိုသို့ ပိတ်မိနေခဲ့သည့် မိုင်းလုပ်သားများ ကယ်ဆယ်နိုင်ရေးအတွက် ချီလီအစိုးရ အပါအဝင် ကယ်ဆယ်ရေးအဖွဲ့များ၊ အင်ဂျင်နီယာများက ကြိုးစားလျက်ရှိရာ ၎င်းအဖြစ်အပျက်ကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိနေသလို မြေပေါ်မှ မိုင်းလုပ်သားမိသားစုများနှင့် ပိတ်မိနေသော မိုင်းလုပ်သားများလည်း စိုးရိမ်သောကပွားကာ စိုးတထိတ်ထိတ်ရှိနေကြပြီ ဖြစ်သည်။*

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐

**ပိတ်မိ မိုင်းလုပ်သားများအား ကယ်ဆယ်ရန် ရေမတွင်းတူး စက်ကြီးဖြင့် ဤသို့ တူးဖော်လျက်ရှိသည်။**